# စနစ်တကျကျူးလွန်သည့် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်ပတ်သက်သည့် အချက်အလက်များ ကောက်ယူခြင်းနှင့်အသုံးပြုခြင်းဆိုင်ရာ နိုင်ငံတကာကျင့်ဝတ်စည်းမျဉ်းများ

**၁၃ ရက်၊ ဧပြီလ၊ ၂၀၂၂ ခုနှစ်**

**အမှာစကား**

ဤကျင့်ဝတ်စည်းမျဉ်းသည် စနစ်တကျကျူးလွန်သည့် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု (“SC RSV”)[၂] နှင့်ပတ်သက်သည့် အချက်အလက်များကို ကျူးလွန်ခံရသူ သို့မဟုတ် အသက်ရှင်သန်ကျန်ရစ်သူ (“အသက် ရှင်သန်ကျန်ရစ်သူ”)[၁] များထံမှ လုံခြုံမှု၊ ထိရောက်မှုနှင့် ကျင့်ဝတ်နှင့်ကိုက်ညီမှုရှိစွာ စုဆောင်းကောက်ယူခြင်းနှင့် ပြန် လည်အသုံးပြုခြင်းအတွက် သတ်မှတ်ထားသော အနိမ့်ဆုံးစံနှုန်းများကို အနှစ်ချုပ်ထုတ်နှုတ်ထားသော စာတမ်းဖြစ်ပြီး ကိုယ်ပိုင်အသိဖြင့် လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းဖြစ်သည်။ ဤကျင့်ဝတ်စည်းမျဉ်းသည် ထိုသို့သောအချက် အလက်များကို မှတ်တမ်းတင်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ထုတ်ဖော်တင်ပြခြင်း၊ သုတေသနပြုခြင်း၊ စောင့်ကြည့်လေ့ လာခြင်း သို့မဟုတ် ကောက်ခံခြင်း (စုဆောင်းခြင်း) နှင့် အသုံးပြုခြင်း ပြုလုပ်သူများအတွက် ရည်ရွယ်သည်။

ဤကျင့်ဝတ်စည်းမျဉ်းသည် နိုင်ငံတကာဥပဒေများမှ ဆင်းသက်လာပြီး ဂုဏ်သိက္ခာထိန်းသိမ်းပိုင်ခွင့်၊ ပုဂ္ဂိုလ်ရေး လွတ် လပ်ခွင့်၊ ကျန်းမာရေးခံစားခွင့်၊ လုံခြုံရေးရပိုင်ခွင့်၊ တရားမျှတမှုရရှိခွင့်၊ အမှန်တရားရှာဖွေခွင့်၊ ထိရောက်သော ပြန် လည်ကုစားမှုရရှိခွင့် စသည့်အခွင့်အရေးများကဲ့သို့ အသက်ရှင်သန်ကျန်ရစ်သူများ၏ အခြေခံလူ့အခွင့်အရေးများ ပါ ဝင်သည်။ ထို့ကြောင့် ဤကျင့်ဝတ်စည်းမျဉ်းတွင် အသက်ရှင်သန်ကျန်ရစ်သူများကို ဗဟိုပြု၍ဆောင်ရွက်နိုင်ရန် ပါဝင် ပတ်သက်သူတိုင်းက မည်သည့်အခြေအနေတွင်မဆို လိုက်နာကျင့်သုံးသင့်သည့် လူတိုင်းအတွက်အကျုံးဝင်ပြီး ဖြေ လျော့၍မရသော အဓိကအခြေခံစံနှုန်းများကို ထင်ဟပ်ဖော်ပြထားပါသည်။ ဤကျင့်ဝတ်စည်းမျဉ်းတွင် လူပုဂ္ဂိုလ်တစ် ဦးချင်းစီနှင့် အဖွဲ့အစည်းများအတွက် အကျုံးဝင်သည့်စံနှုန်းများကို ထည့်သွင်းထားပြီး ထိုသူများသည် အဆိုပါစံနှုန်း များကို ၎င်းတို့၏ စနစ်များ၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ စာချုပ်စာတမ်းများနှင့် အကောင်အထည်ဖော်မှု အလေ့ အထများတွင် ထည့်သွင်းတည်ဆောက်ထားသင့်ပါသည်။

ဤကျင့်ဝတ်စည်းမျဉ်းသည် SCRSV အချက်အလက်များ စုဆောင်းခြင်းနှင့် အသုံးပြုခြင်းအတွက် တရားဝင်လုပ်ပိုင်ခွင့် ပေးထားခြင်းမဟုတ်သလို အားပေးခြင်းလည်းမဟုတ်ပါ။ ကဏ္ဍအသီးသီးအတွက် ရှိထားသော အရေးကြီးသည့် နည်း စနစ်ပိုင်းဆိုင်ရာ လမ်းညွှန်ချက်များကို အနှစ်ချုပ်ဖော်ပြထားခြင်း သို့မဟုတ် အစားထိုးထားခြင်း မဟုတ်ပါ။ ဤကျင့် ဝတ်စည်းမျဉ်းသည် ဤလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အသက်ရှင်သန်ကျန်ရစ်သူများကို ဗဟိုပြုသည့်ပုံစံဖြင့် တာ ဝန်ခံမှုရှိစွာ လုပ်ဆောင်နိုင်သည့် စွမ်းရည်ပြည့်ဝလာရန်နှင့် ဆက်လက်ပြည့်ဝမှုရှိနေစေရန် အသုံးပြုနိုင်သော ဖြတ်လမ်း တစ်ခုလည်း မဟုတ်ပါ။

ဤကျင့်ဝတ်စည်းမျဉ်းကို “ကျွန်ုပ်တို့” ဟူသောစကားလုံးဖြင့် အများပါဝင်သည့်ရှုထောင့်မှ ရေးသားထားရခြင်းမှာ အသက်ရှင်သန်ကျန်ရစ်သူများကို ဗဟိုပြုဆောင်ရွက်သည့် ပိုမိုထိရောက်လုံခြုံမှုရှိသော လုပ်ထုံးလုပ်နည်းများကို တည် ဆောက်ရန်နှင့် ထိန်းသိမ်းနိုင်ရန် အတူတကွပူးပေါင်းဆောင်ရွက်လိုသည့် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဆန္ဒနှင့် ကတိကဝတ်ကို အလေးပေးဖော်ပြရန်အတွက် ဖြစ်သည်။ “ကျွန်ုပ်တို့” ဟူသောစကားလုံးသည် “ကျွန်ုပ်တို့နှင့် ပတ်သက်သော မည်သည့် အရာမဆို ကျွန်ုပ်တို့ကိုယ်တိုင် ပါဝင်မှုမရှိပါက ကျွန်ုပ်တို့အတွက်မဖြစ်နိုင်ပါ” (“nothing about us, without us, is for us”) ဟူသည့် အရေးကြီးသောအခြေခံမှုကို ရည်ညွှန်းသည်။ ထို့ပြင် အသက်ရှင်သန်ကျန်ရစ်သူအများအပြားမှာ ၎င်းတို့ကိုယ်တိုင်က မှတ်တမ်းပြုစုရေးသားသူများ၊ တက်ကြွလှုပ်ရှားသူများ၊ ရှေ့နေများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အကြံပေးအတိုင်ပင်ခံများလည်း ဖြစ်ကြပြီး “ကျွန်ုပ်တို့” ဟူသောစကားလုံးသည် အသက်ရှင်သန်ကျန်ရစ်သူများ၏ အခွင့်အရေးနှင့် ရွေးချယ်မှုများကို အားပေးမြှင့်တင်ရန်အတွက် ၎င်းတို့နှင့် အတူတကွ ပူးပေါင်းဆောင်ရွက်သည့် သ ဘောကိုလည်း ညွှန်ပြပေးသည်။ ဤကျင့်ဝတ်စည်းမျဉ်းကို တစ်ကမ္ဘာလုံးအတိုင်းအတာ ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းစဉ် ကျယ်ပြန့်စွာဆောင်ရွက်၍ ရေးဆွဲခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းအဆင့်တိုင်းတွင် အသက်ရှင်သန်ကျန်ရစ်သူများကို ပါဝင်စေခဲ့ သည်။ “ကျွန်ုပ်တို့” ဟူသောစကားလုံးတွင် အစိုးရများ၊ နိုင်ငံတကာ အစိုးရများဆိုင်ရာ အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ငွေကြေးထောက်ပံ့သူများအပါအဝင် အခင်းအကျင်းအမျိုးမျိုးအတွင်းရှိ လူပုဂ္ဂိုလ်များ၊ အသင်း အဖွဲ့များ၊ သက်ဆိုင်ပါဝင်သူများနှင့် အဖွဲ့အစည်းများ အားလုံးအကျုံးဝင်သည်။ “ကျွန်ုပ်တို့” သည် တစ်ဦးတစ်ယောက် တည်း အလုပ်လုပ်ခြင်း မရှိသလောက်နည်းပါးပြီး မတူညီသည့်ကဏ္ဍများတွင် တူညီသောစံနှုန်းများကို မျှဝေအသုံးပြု ခြင်းကြောင့် လူပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများသည် တာဝန်ယူမှုရှိစွာ အတူတကွ ပူးပေါင်းအလုပ်လုပ် နိုင်မည်ဖြစ်သည်။

ဤကျင့်ဝတ်စည်းမျဉ်းသည် -

- (အကျိုးဝင်မှုနှင့် ကျယ်ပြန့်မှုရှိစွာ အဓိပ္ပာယ်ဖွင့်ဆိုထားသော) SCRSV နှင့်ဆက်စပ်၍၊
- အသက်ရှင်သန်ကျန်ရစ်သူများကို အရေးပေါ်စောင့်ရှောက်မှုပေးရန် သို့မဟုတ် ထောက်ပံ့ကူညီမှုပေးရန် ရည်ရွယ် ချက်ဖြင့် အချက်အလက်စုဆောင်းခြင်းမှအပ အချက်အလက်များကို မျှဝေခြင်း သို့မဟုတ် ထုတ်ပြန်ခြင်း လုပ် ဆောင်ချက်များ ပါဝင်သည့် မည်သည့်ရည်ရွယ်ချက်အတွက်မဆို ဆောင်ရွက်သော၊
- အသက်ရှင်သန်ကျန်ရစ်သူများထံမှဖြစ်စေ၊ အသက်ရှင်သန်ကျန်ရစ်သူများနှင့်ပတ်သက်၍ဖြစ်စေ (ဒစ်ဂျစ်တယ် စနစ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ ရုပ်သံဖြင့်ဖြစ်စေ၊ ရုပ်ပုံဖြင့်ဖြစ်စေ) မည်သည့်ပုံစံဖြင့်မဆို တိုက် ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ လူချင်းတွေ့၍သော်လည်းကောင်း၊ အဝေးမှသော် လည်းကောင်း ဆောင်ရွက်သော သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် ထိုအချက်အလက်များကို ပြန် လည်ပေးပို့ခြင်း၊ လွှဲပြောင်းခြင်း၊ သိမ်းဆည်းခြင်း၊ အသုံးပြုခြင်း၊ ဝေမျှခြင်း၊ သို့မဟုတ် ထုတ်ပြန်ခြင်း ပြုလုပ်သည့် လုပ်ငန်းများအားလုံးအတွက် အကျိုးဝင်သည်။

ထို့ကြောင့် ဤကျင့်ဝတ်စည်းမျဉ်းကို အများပိုင် သတင်းအရင်းအမြစ်များကို အသုံးပြု၍ စုံစမ်းစစ်ဆေးမှု ပြုလုပ်သူများ အပါအဝင် လူ့အခွင့်အရေးစုံစမ်းစစ်ဆေးသူများ၊ မှတ်တမ်းတင်ထားသူများ၊ စောင့်ကြည့်လေ့လာသူများနှင့် တက်ကြွလှုပ်ရှားသူများအပြင် ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးသူများလည်း လိုက်နာကျင့်သုံးသင့်ပါသည်။ ထို့အတူ လူဝင် မှုကြီးကြပ်ရေးနှင့် ခိုလှုံခွင့်စိစစ် ဆောင်ရွက်ရေးဆိုင်ရာ အရာရှိများနှင့် မှုခင်းရေးရာ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများ အပါအဝင် SCRSV အချက်အလက်များကို ရှာဖွေခြင်း၊ ကောက်ယူခြင်းနှင့် လက်ခံရယူခြင်း ပြုလုပ်ကြသော အရာရှိများနှင့် ကျွမ်းကျင်ပုဂ္ဂိုလ်များ၊ စာနယ်ဇင်းသမားများ၊ သုတေသနပြုသူများ၊ စကားပြန်များလည်း လိုက်နာကျင့် သုံးသင့်ပါသည်။ ထို့ပြင် အဆိုပါအချက်အလက်များအား (အရေးပေါ် စောင့်ရှောက်မှုပေးရန် သို့မဟုတ် ထောက်ပံ့ကူညီ မှုပေးရန် ရည်ရွယ်၍ဆောင်ရွက်ခြင်းမှအပ) စုဆောင်းခြင်း၊ ဝေမျှခြင်း၊ ထုတ်ပြန်ခြင်း လုပ်ဆောင်သော ရပ်ရွာအခြေပြု အထောက်အကူပြုအဖွဲ့အစည်းများ၊ အသက်ရှင်သန်ကျန်ရစ်သူ အစုအဖွဲ့များနှင့် လူသားချင်းစာနာမှု အကူအညီပေးရေး ဝန်ထမ်းများလည်း ဤကျင့်ဝတ်စည်းမျဉ်းများကို လိုက်နာကျင့်သုံးသင့်ပါသည်။ ထို့အတူ မူဝါဒချမှတ်သူများ အပါအဝင် ဤသတင်းအချက်အလက်များ စုဆောင်းခြင်းနှင့်အသုံးပြုခြင်း လုပ်ငန်းများအတွက် တာဝန်ခန့်အပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ရံပုံငွေထောက်ပံ့ခြင်း ပြုလုပ်သူများအပြင် ပံ့ပိုးကူညီမှုပေးသူများ သို့မဟုတ် အထောက်အကူပေးသူများလည်း ဤစည်းမျဉ်းများကို လိုက်နာကျင့်သုံးသင့်ပါသည်။ အထက်ပါဖော်ပြချက်သည် ပြီးပြည့်စုံသော စာရင်းတစ်ခုမဟုတ်ပါ။

ဤကျင့်ဝတ်စည်းမျဉ်းတွင် SCRSV ကိုအထူးပြုဖော်ပြထားရခြင်းမှာ SCRSV နှင့်ပတ်သက်သော စိန်ခေါ်မှုများကို သော်လည်းကောင်း၊ အသက်ရှင်သန်ကျန်ရစ်သူများအပေါ် ထပ်မံထိခိုက်နစ်နာမှုများဖြစ်စေသည့် လူ့အဖွဲ့အစည်း အ တွင်းရှိ အမှုအကျင့်များနှင့် လူမှုရေးအရန့်မှံချဆက်ဆံမှုကဲ့သို့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် သီးခြားသက်ဆိုင်သော အကြောင်းတရားများကိုသော်လည်းကောင်း ဖော်ထုတ်သတ်မှတ်ရန်နှင့် ထုတ်နှုတ်တင်ပြနိုင်ရန် ကြိုးပမ်းသည့် ကနဦးလုပ်ငန်းစဉ်များမှ စတင်ဖြစ်ပေါ်လာခြင်းကြောင့်ဖြစ်သည်။ သို့သော် ဤကျင့်ဝတ်စည်းမျဉ်းပါ စိန်ခေါ်မှုအများ အပြားသည် အခြားသောရာဇဝတ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ကြုံတွေ့ခဲ့ရသည့် အသက်ရှင်သန် ကျန်ရစ်သူများထံမှဖြစ်စေ ထိုသူများ၏အကြောင်းကိုဖြစ်စေ သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် အသုံးပြုခြင်း ဆောင်ရွက်သည့် လုပ်ငန်းများအတွက်လည်း ထပ်တူအကျိုးဝင်မှု ရှိပါသည်။

"အသက်ရှင်သန်ကျန်ရစ်သူ" ဟုဆိုရာတွင် အရွယ်ရောက်သူလူကြီးများနှင့် ကလေးသူငယ်များ (အသက် ၁၈ နှစ် အောက်[၃]) အပါအဝင် မည်သည့်အသက်အရွယ်မဆို၊ မည်သည့်ဂျန်ဒါနှင့်ဝိသေသလက္ခဏာရှိသူမဆို[၄] အားလုံးပါဝင် သည်။ SCRSV သည် (စနစ်တကျ ဖြစ်ပေါ်နေသည့် ဂျန်ဒါအခြေပြုမညီမျှမှုနှင့် အခြားသောမညီမျှမှုများမှ ထွက်ပေါ် လာသည့် ပိုမိုကျယ်ပြန့်စွာ ဆက်စပ်ဖြစ်ပေါ်နေသော အကြမ်းဖက်မှုဖြစ်စဉ်အတွင်း တည်ရှိနေပြီး) အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အဆမတန်ပိုမိုသက်ရောက်မှုရှိကာ ၎င်းတို့၏ဘဝတွင် နောက်ဆက်တွဲ ဆိုးကျိုးဂယက် အများအပြား ဖြစ်ပေါ်စေသည့်အပြင် ကျွန်ုပ်တို့၏ လုပ်ငန်းများအပေါ်လည်း သက်ရောက်မှုရှိသည်။ ထို့ပြင် ကျွန်ုပ်တို့ သည် မသန်စွမ်းသူများ၊ လိင်စိတ်ခံယူမှုကွဲပြားသူများ (LGBTQI+) အသိုင်းအဝိုင်းများမှပုဂ္ဂိုလ်များ[၅]၊ အမျိုးသားနှင့် ယောကျာ်းလေးငယ်များ၊ အဆိုပါဖြစ်တည်မှုများတွင် တစ်ခုမကအကျုံးဝင်သူများ စသည့်သူများ အပါအဝင် အခြားသော အသက်ရှင်သန်ကျန်ရစ်သူများကိုလည်း ကျွန်ုပ်တို့လုပ်ငန်းများ၏ နယ်ပယ်အတိုင်းအတာထဲတွင် ထည့်သွင်းစဉ်း စားသင့်သည်။

ဤကျင့်ဝတ်စည်းမျဉ်းတွင် အသက်ရှင်သန်ကျန်ရစ်သူ တစ်ဦးတစ်ယောက်ချင်းစီ၏ မတူထူးခြားသည့် ဖြစ်တည်မှုများ ကို အသိအမှတ်ပြုရန်နှင့် ၎င်းတို့နှင့်သက်ဆိုင်သောအုပ်စုများကို အခြေခံပြီးဖြစ်စေ၊ ၎င်းတို့ကိုယ်ပိုင်ဝိသေသလက္ခဏာ များ၏ ရှုထောင့်တစ်ခုခုအပေါ်အခြေခံ၍ဖြစ်စေ ကောက်ချက်ချမှုပြုလုပ်ခြင်းကို ရှောင်ရှားရန်လိုအပ်ကြောင်း အလေး ပေး ဖော်ပြထားသည်။[၆] ဥပမာအားဖြင့် "ကလေးသူငယ်များ" ဟုဆိုရာတွင် ကလေးများသည် တစ်ပုံစံတည်းထပ်တူ ကျသော အုပ်စုတစ်ခုမဟုတ်ဘဲ အသက်အရွယ်၊ ရင့်ကျက်မှု၊ ခံနိုင်ရည်စွမ်း၊ ပညာတတ်မြောက်မှု၊ ဂျန်ဒါ၊ လိင်၊ အခြား ကိုယ်ပိုင်လက္ခဏာများနှင့် နောက်ခံအခြေအနေများအရ အလွန်ကွဲပြားစုံလင်သူများ ပါဝင်သည်။

အသက်ရှင်သန် ကျန်ရစ်သူများကို ၎င်းတို့တစ်ဦးချင်းစီ၏ အားသာချက်များ၊ လိုအပ်ချက်များ၊ ပကတိအခြေအနေများ အပေါ်မူတည်ပြီး လိုက်လျောညီထွေဆောင်ရွက်ခြင်းသည် ပိုမိုထိရောက်မှုရှိပြီး အသက်ရှင်သန်ကျန်ရစ်သူများကို ဗဟိုပြုသော အချက်အလက်စုဆောင်းမှုနှင့် ပြန်လည်အသုံးပြုမှုဖြစ်စေရန် အထောက်အကူဖြစ်စေသည်။

ကြိုတင်ပြင်ဆင်မှုသည် အခရာကျသည်။ ကျွန်ုပ်တို့သည် ကြိုတင်စီစဉ်ထားခြင်းမရှိဘဲ သတင်းအချက်အလက် စု ဆောင်းခြင်းနှင့် အသုံးပြုခြင်းကို သတိထားရှောင်ကြဉ်ရမည်။ အထူးသဖြင့် လိုအပ်သည့်စနစ်များ၊ မူဝါဒများ၊ လုပ်ထုံး လုပ်နည်းများ၊ အန္တရာယ်ဖြစ်နိုင်ခြေဆန်းစစ်ချက်များ ပြင်ဆင်ထားခြင်းမရှိပါက ပိုမိုသတိထားရှောင်ကြဉ်ရမည်။ ကျွန်ုပ်တို့သည် အသက်ရှင်သန်ကျန်ရစ်သူများထံမှ ရရှိသောအချက်အလက်များအပေါ် အလွန်အကျွံ အမှီအခိုပြုခြင်းကိုလည်း ဆင်ခြင်ရမည်။ အကယ်၍ အသက်ရှင်သန်ကျန်ရစ်သူများထံမှ အချက်အလက်များလိုအပ်သည်ဟု ကျွန်ုပ်တို့ အားလုံးက ဆုံးဖြတ်လိုက်လျှင် အသက်ရှင်သန်ကျန်ရစ်သူများအပေါ် တောင်းဆိုမှုများနှင့် ဖိအားများအမျိုးမျိုးဖြစ်စေပြီး ၎င်းတို့နှင့် ထိတွေ့မှုများစေခြင်းနှင့် စိတ်ဒဏ်ရာဟောင်းထပ်မံဖြစ်ပေါ်စေခြင်း ဖြစ်စေနိုင်သည့် အန္တရာယ်ပိုကြီး လာစေပါသည်။ အသက်ရှင်သန်ကျန်ရစ်သူများအပေါ် ဖိအားဖြစ်စေခြင်းကိုလျော့ချရန် ကျွန်ုပ်တို့သည် SCRSV အချက် အလက်များကို အသက်ရှင်သန်ကျန်ရစ်သူများထံမှ ရယူခြင်းထက်စာလျှင် တတ်နိုင်ပါက (ပုံတူဖြစ်စဉ် မျက်မြင်သက်သေများနှင့် ကျွမ်းကျင်ပုဂ္ဂိုလ်တို့၏ အစီရင်ခံစာများကဲ့သို့) အခြားသတင်းအရင်းအမြစ်များထံမှ အလျဉ်းသင့်တိုင်း ရှာဖွေသင့်ပါသည်။

SCRSV အချက်အလက်များစုဆောင်းခြင်းနှင့် အသုံးပြုခြင်းဆောင်ရွက်သူများသည် ဤကျင့်ဝတ်စည်းမျဉ်းကို မှန်ကန် စွာ အသုံးချနိုင်ပါက အသက်ရှင်သန်ကျန်ရစ်သူဗဟိုပြုခြင်းနှင့် ထိရောက်မှုရှိခြင်း နှစ်ခုအကြား ရွေးချယ်မှုမှားယွင်း ခြင်းကို ရှောင်ရှားနိုင်ကြောင်း ဤကျင့်ဝတ်စည်းမျဉ်းက ညွှန်ပြနေသည်။

ဤကျင့်ဝတ်စည်းမျဉ်းပါ မူဝါဒများနှင့်ကတိကဝတ်များအားလုံးသည် တန်းတူအရေးကြီးကြပြီး တစ်ခုနှင့်တစ်ခု အပြန် အလှန်ချိတ်ဆက်မှုနှင့် အပြန်အလှန်အထောက်အကူပြုမှု ရှိသည်။ အကြောင်းအရာ နံပါတ်စဉ် ရှေ့နောက်အစီအစဉ် သည် ဦးစားပေးမှု သို့မဟုတ် အရေးပါမှုနှင့် သက်ဆိုင်ခြင်းမရှိပါ။




**ဆက်စပ်လွှမ်းခြုံမှုရှိသောအခြေခံမူများ**

ဤအခြေခံမူများသည် ကြိုတင်ပြင်ဆင်မှုနှင့် အကောင်အထည်ဖော်မှု အဆင့်အားလုံးအတွက် အကျုံးဝင်သည့် ဆက်စပ်လွှမ်းခြုံမှုရှိသော အခြေခံမူများဖြစ်သည်။ ၎င်းတို့ကို ဤကျင့်ဝတ်စည်းမျဉ်းပါ အခြေခံမူတစ်ခုချင်းတိုင်းနှင့် တွဲဖက်၍ ဖတ်ရှုသင့်သည်။

## အခြေခံမူ (၁) အသက်ရှင်သန်ကျန်ရစ်သူများကို တစ်ဦးချင်းစီ နားလည်အောင်ဆောင်ရွက်ပါ။

**၁.၁။ အသက်ရှင်သန်ကျန်ရစ်သူတစ်ဦးချင်းပေါ်မူတည်၍ လိုအပ်သလိုပြောင်းလဲပါ။** ။အသက်ရှင်သန်ကျန်ရစ်သူများ သည် တစ်ဦးနှင့်တစ်ဦး မတူညီကြကြောင်း ကျွန်ုပ်တို့လေးစားအသိအမှတ်ပြုသည်။ ကျွန်ုပ်တို့သည် လူတစ်ဦးချင်းစီ၏ အသက်အရွယ်၊ ဂျန်ဒါ၊ ပြောင်းလဲနေသောစွမ်းဆောင်ရည်များ၊ ခံနိုင်ရည်စွမ်း၊ အခြားသူများအပေါ်ထားရှိသည့် ဆက်ဆံရေးနှင့် ပတ်သက်ဆက်နွယ်မှုများ၊ လူမှုစီးပွားရေးနှင့်နိုင်ငံရေးအခြေအနေများ၊ ၎င်းတို့ကြုံတွေ့ရသော ခွဲခြားဆက်ဆံမှုများ စသည့် ၎င်းတို့၏ ကိုယ်ပိုင်ဝိသေသလက္ခဏာများ၊ ကြင်အင်လက္ခဏာများ၊ အစုအဖွဲ့များနှင့် နောက်ခံ အခြေအနေများ အပေါ်မူတည်ပြီး ကျွန်ုပ်တို့၏ ချဉ်းကပ်မှုပုံစံကို လိုအပ်သလို ပြောင်းလဲသွားမည်။[၆] ဤကဲ့သို့သော အချင်းအရာများသည် အချိန်ကာလနှင့် အခြေအနေ အပေါ်မူတည်၍ ပြောင်းလဲနိုင်ကြောင်းနှင့် ထို့ကြောင့် ကျွန်ုပ်တို့၏ ချဉ်းကပ်ပုံကို လိုက်လျောညီထွေ လိုက်ပါပြောင်းလဲနိုင်ရန် လိုအပ်ကြောင်း ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။

**၁.၂။ ထင်မြင်မှုအရကောက်ချက်ချခြင်းကို ဆန့်ကျင်ပါ။** ။ကျွန်ုပ်တို့သည် အသက်ရှင်သန်ကျန်ရစ်သူများထံတွင် ‘ရှိ သင့်သည့်’ ပြုမူပုံနှင့်တုန့်ပြန်ပုံ၊ ၎င်းတို့၏ပျော့ကွက်များ၊ စိတ်ဒဏ်ရာ၊ ခံနိုင်ရည်စွမ်း၊ ဂျန်ဒါ၊ မသန်စွမ်းမှုများ၊ စွမ်း ဆောင်ရည်၊ ရင့်ကျက်မှု၊ ယုံကြည်စိတ်ချနိုင်မှု၊ လိုအပ်ချက်များ၊ စိုးရိမ်ပူပန်မှုများ စသည့် အသက်ရှင်သန်ကျန်ရစ် သူများ၏ ဖြစ်တည်မှုနှင့်ပတ်သက်၍ဖြစ်စေ ၎င်းတို့၏အတွေ့အကြုံများနှင့် ပတ်သက်၍ဖြစ်စေ ထင်မြင်မှုဖြင့်ကောက်ချက်ချခြင်း၊ ယေဘုယျခြုံငုံသတ်မှတ်ခြင်းတို့ကို ပြုလုပ်သွားမည် မဟုတ်ပါ။

**၁.၃။ အသက်ရှင်သန်ကျန်ရစ်သူများကိုမေးမြန်းပါ။** ။ကနဦးကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ပြီးသောအခါ ကျွန်ုပ်တို့သည် ကလေးသူငယ်အရွယ်အသက်ရှင်သန်ကျန်ရစ်သူများအပါအဝင် အသက်ရှင်သန်ကျန်ရစ်သူများကို ၎င်းတို့လိုချင် သောအရာများ၊ ဦးစားပေးသည့်အရာများ၊ စိုးရိမ်ပူပန်မှုများ၊ အန္တရာယ်များ၊ လက်ရှိအခြေအနေများ စသည်တို့နှင့်ပတ် သက်၍ မေးမြန်းသွားပါမည်။ ထို့နောက် ကျွန်ုပ်တို့သည် ၎င်းတို့၏ဆန္ဒအတိုင်း ကျွန်ုပ်တို့တွင်ရှိသော လုပ်နိုင်ခွင့်နှင့် အရင်းအမြစ် အတိုင်းအတာအတွင်းမှ အတတ်နိုင်ဆုံး လက်ခံဖြည့်ဆည်းဆောင်ရွက်သွားပါမည်။

**၁.၄။ အသက်ရှင်သန်ကျန်ရစ်သူများ၏ လုံခြုံရေးကိုဦးစားပေးပါ။** ။ကျွန်ုပ်တို့သည် ကျွန်ုပ်တို့လုပ်ငန်း၏ ရည်မှန်း ချက်များထက်စာလျှင် အသက်ရှင်သန်ကျန်ရစ်သူများ၏ လုံခြုံရေး၊ ကျန်းမာအဆင်ပြေရေးနှင့် ဂုဏ်သိက္ခာတို့ကို အမြဲ ဦးစားပေးသွားပါမည်။ ကျွန်ုပ်တို့နှင့် ဆက်သွယ်ခြင်းကြောင့် အသက်ရှင်သန်ကျန်ရစ်သူများနှင့် ၎င်းတို့၏ပတ်ဝန်းကျင် တွင် ပေါ်ပေါက်လာနိုင်သော အန္တရာယ်များနှင့် နောက်ဆက်တွဲဂယက်များအကြောင်းကို ကျွန်ုပ်တို့ကိုယ်တိုင်နားလည် အောင် လုပ်ဆောင်သွားပါမည်။ ထိုအန္တရာယ်များတွင် ထပ်မံထိခိုက်နစ်နာစေခြင်း၊ တုန့်ပြန်တိုက်ခိုက်ခံရခြင်း၊ လူမှုရေး အရအနှိမ်ခံရခြင်း၊ ရုပ်ပိုင်းဆိုင်ရာ၊ အင်တာနက်ချိတ်ဆက်မှုဆိုင်ရာ၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးဆိုင်ရာ လုံခြုံရေးအန္တရာယ်ရှိခြင်းနှင့် ဥပဒေကြောင်းအရအန္တရာယ်ရှိခြင်း စသည်တို့ ပါဝင်နိုင်ပါသည်။

**၁.၅။ ပိုမိုကြီးမားသော အန္တရာယ်ကြုံတွေ့နိုင်ခြေများကို သတ်မှတ်ဖော်ထုတ်ပါ။** ။ထပ်မံထိခိုက်နစ်နာမှု ဖြစ်စေနိုင်သော အန္တရာယ် ပိုမိုကြီးမားလာပါက ကျွန်ုပ်တို့သည် သီးသန့် ကြိုတင်ကာကွယ်မှုအစီအစဉ်များကို ဖြည့်စွက်ဆောင် ရွက်ရမည်။ မည်သူမဆို အချိန်ကာလနှင့်အခြေအနေအပေါ် မူတည်၍ပြောင်းလဲသော ပိုမိုကြီးမားသည့် အန္တရာယ်ဖြစ် နိုင်ခြေ ကြုံတွေ့ရနိုင်ကြောင်း ကျွန်ုပ်တို့ အသိအမှတ်ပြုသည်။ စစ်ပွဲအတွင်း မွေးဖွားလာသောကလေးသူငယ်များနှင့် အုပ်ထိန်းသူမရှိသော ကလေးသူငယ်များအပါအဝင် အသက်ရှင်သန်ကျန်ရစ်သူကလေးသူငယ်များ၊ လိင်စိတ်ခံယူမှု ကွဲပြားသူများ (LGBTQI+) အသိုင်းအဝိုင်းများမှလူပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများ သို့မဟုတ် စာတတ်မြောက်မှုနည်းပါး သူများ၊ လူနည်းစု သို့မဟုတ် ဖယ်ကြဉ်ခံအုပ်စုများမှ ပုဂ္ဂိုလ်များ၊ အခြားသူများ အစရှိသောသူများသည်လည်း အန္တရာယ်ဖြစ်နိုင်ခြေ ပိုမိုမြင့်မားသည့် အခြေအနေနှင့် ကြုံတွေ့နိုင်သည်။[၆]

**၁.၆။ တရားမျှတမှုရရှိရေး ကူညီပံ့ပိုးပေးပါ။** ။ထိရောက်သောကုစားမှုရရှိရေး၊ အမှန်တရားပေါ်ပေါက်ရေး၊ (အသက် ရှင်သန်ကျန်ရစ်သူက အဓိပ္ပါယ်ဖွင့်ဆိုထားသည့်အတိုင်း) “တရားမျှတမှု” ရရှိရေး၊ အလုံးစုံပြန်လည်ပြင်ဆင်မှုပြုလုပ်ရေး စသည့် အသက်ရှင်သန်ကျန်ရစ်သူများ၏ အခွင့်အရေးများကို (သို့မဟုတ် ၎င်းတို့၏အခွင့်အရေး မဟုတ်စေကာမူ) ရရှိနိုင်အောင် ကျွန်ုပ်တို့ပံ့ပိုးကူညီသွားမည်။ ကျွန်ုပ်တို့သည် အသက်ရှင်သန်ကျန်ရစ်သူတစ်ဦး၏ ကိုယ်ပိုင်ဦးစားပေးမှု များ၊ မိမိအခွင့်အရေးကို ကိုယ်တိုင်မြှင့်တင်နိုင်စွမ်း သို့မဟုတ် ရယူနိုင်စွမ်း၊ တာဝန်ခံမှုဖြစ်စဉ်များအတွင်း ပူးပေါင်း ပါဝင်ရန် (သို့မဟုတ် မပါဝင်ရန်) ရွေးချယ်ပိုင်ခွင့် စသည်တို့အပေါ် ဆိုးကျိုးသက်ရောက်မှုများဖြစ်အောင် ပြုလုပ်သွား မည်မဟုတ်ပါ။ အင်တာဗျူးနှင့်ပတ်သက်သော မှတ်တမ်းများ သို့မဟုတ် အစီရင်ခံတင်ပြချက်များသည် နောက်ပိုင်း လုပ်ငန်းစဉ်များတွင် အသက်ရှင်သန်ကျန်ရစ်သူများကို အကျိုးပြုနိုင်ခြေရှိသော်လည်း ထိုသို့ ကြိုတင်ပြုလုပ်ထားသည့် အင်တာဗျူးများ၏ နည်းစနစ်နှင့်မှတ်တမ်းများကို ထောက်ပြကာ အသက်ရှင်သန်ကျန်ရစ်သူတို့၏ ထွက်ဆိုချက်များ သည် ရှေ့နောက်မညီကြောင်း မလျော်မကန် လွှမ်းမိုးမှုခံရကြောင်း ငြင်းချက်ထုတ်ခံရနိုင်သည့် ဖြစ်နိုင်ခြေအန္တရာယ်ကို လျော့နည်းအောင် ကျွန်ုပ်တို့ ပြုလုပ်သွားမည်။

**၁.၇။ လူတစ်ဦးချင်းစီ၏ ကိုယ်ပိုင်ဝိသေသလက္ခဏာကို အသိအမှတ်ပြုလေးစားပါ။** ။ကျွန်ုပ်တို့သည် (ဂျန်ဒါ၊ နာမ်စား များ၊ မသန်စွမ်းမှုများနှင့် အခြားကြင်အင်လက္ခဏာများကဲ့သို့) ကိုယ်ပိုင်ဝိသေသလက္ခဏာများနှင့်ပတ်သက်၍ အသက် ရှင်သန်ကျန်ရစ်သူများ၏ လွတ်လပ်စွာရွေးချယ်ခွင့်နှင့် ထုတ်ဖော်ပြသခွင့်ကို လေးစားလိုက်နာသွားမည်။ ထို့အပြင် ၎င်း တို့ကို စော်ကားမှုဖြစ်စေသော၊ ခံစားချက်နိုးဆွမှုဖြစ်စေသော၊ ဖယ်ကြဉ်မှုဖြစ်စေသော၊ လူမှုရေးအရ နှိမ့်ချဆက်ဆံမှု ဖြစ်စေသော၊ အန္တရာယ်ဖြစ်စေသော သို့မဟုတ် ထိခိုက်မှုဖြစ်စေသော အခေါ်အဝေါ်များနှင့် အစွဲပြုသတ်မှတ်ခြင်းများကို ရှောင်ရှားသွားမည်။

**၁.၈။ အများပါဝင်မှုရှိအောင်ဆောင်ရွက်ပါ။ ခွဲခြားဆက်ဆံခြင်းမပြုပါနှင့်။** ။ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်က မည်သို့သော ခွဲခြားဆက်ဆံမှုမျိုးကိုမှ ပြုလုပ်သွားမည်မဟုတ်သကဲ့သို့ ကျွန်ုပ်တို့၏လုပ်ဆောင်မှုများကို ထောက်ပံ့ကူ ညီသူများအပါအဝင် အခြားသူများပြုလုပ်သည့် မည်သို့သော ခွဲခြားဆက်ဆံမှုမျိုး⁶ကိုမှ လက်ခံမည်မဟုတ်ပါ။ နှိပ်ကွပ် ခံရခြင်းကြောင့်ဖြစ်စေ၊ ခွဲခြားဆက်ဆံခံရခြင်းကြောင့်ဖြစ်စေ၊ စွမ်းရည်မရှိသူဟု ယူဆခံရခြင်းကြောင့်ဖြစ်စေ၊ ထိခိုက် နစ်နာသူများအဖြစ် သတ်မှတ်ခြင်းမခံရသောကြောင့်ဖြစ်စေ မကြာခဏ ဖယ်ကြဉ်ခံထားရသောသူများ သို့မဟုတ် နှုတ် ဆိတ်နေရသောသူများ ပါဝင်လာနိုင်ရန်နှင့် ၎င်းတို့အတွက် သင့်တော်သောအစီအစဉ်များ⁷ ဖန်တီးပေးရန် ကျွန်ုပ်တို့ ကြိုးပမ်းသွားမည်။

## အခြေခံမူ (၂) အသက်ရှင်သန်ကျန်ရစ်သူများ၏ အခြေအနေကိုထိန်းချုပ်ခွင့်နှင့် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ကို လေးစားပါ။

**၂.၁။ အသက်ရှင်သန်ကျန်ရစ်သူများအား အမှတ်မထင်ချဉ်းကပ်ခြင်းကို ရှောင်ရှားပါ။** ။ကျွန်ုပ်တို့သည် တတ်နိုင်သမျှ ရှိပြီးသား စေ့စပ်သေချာစွာစီစစ်ထားသောနည်းလမ်း သို့မဟုတ် လွှဲပြောင်းရေးဆိုင်ရာမှတ်များမှတစ်ဆင့် အလုပ်လုပ်ရမည်။ သို့မဟုတ် ကျွန်ုပ်တို့သည် လုံခြုံစိတ်ချရသော လမ်းကြောင်းများဖန်တီးပေးရမည်။ သို့မှသာ အသက်ရှင်သန် ကျန်ရစ်သူများသည် ကျွန်ုပ်တို့ကို ချဉ်းကပ်ရန်ဖြစ်စေ ကျွန်ုပ်တို့နှင့်ဆက်သွယ်ရန်ဖြစ်စေ ဆုံးဖြတ်နိုင်မည်။ (အသက် ရှင်သန်ကျန်ရစ်သူများ ကျွန်ုပ်တို့ထံသို့ လာရောက်ရန် ရွေးချယ်နိုင်အောင် လုံခြုံစိတ်ချမှုရှိသောလမ်းကြောင်းများ ဖန်တီး ပေးမည့်အစား) ကျွန်ုပ်တို့ကိုယ်တိုင်ဖြစ်စေ၊ အခြားသူတစ်ဦးမှ တစ်ဆင့်ဖြစ်စေ ချဉ်းကပ်ခြင်းသည် အသက်ရှင်သန် ကျန်ရစ်သူများအတွက် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများ ပိုမိုမြင့်မားစေနိုင်သည့်အပြင် ကျွန်ုပ်တို့နှင့်ပူးပေါင်းဆောင်ရွက် ရန် ဖိအားဖြစ်စေနိုင်သဖြင့် ၎င်းတို့၏ စစ်မှန်သောလွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို ထိခိုက်စေကြောင်း ကျွန်ုပ်တို့ အသိ အမှတ်ပြုပါသည်။

**၂.၂။ အသက်ရှင်သန်ကျန်ရစ်သူတစ်ဦး၏ ရွေးချယ်မှုများကို လေးစားပါ။** ။ကျွန်ုပ်တို့သည် မိမိပြုလုပ်သော ထိတွေ့ ဆောင်ရွက်မှု ပုံစံအားလုံးနှင့် အဆင့်တိုင်းကို အသက်ရှင်သန်ကျန်ရစ်သူတစ်ဦးချင်းစီ၏ ရွေးချယ်မှုများအပေါ် အခြေခံ ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း လေးစားအသိအမှတ်ပြုပါသည်။ ကျွန်ုပ်တို့၏ အဖွဲ့အစည်း၊ ရည်ရွယ်ချက်နှင့် အသုံး ပြုသောနည်းစနစ်များ အကြောင်းကိုလည်းကောင်း၊ အသက်ရှင်သန်ကျန်ရစ်သူများ၏ အချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းပေးခြင်းနှင့် မည်သူ့မည်ဝါဖြစ်ကြောင်းဖုံးကွယ်ပေးခြင်း၊ အသုံးပြုခြင်း၊ ပြန်လည်ဝေမျှခြင်း၊ ထုတ်ပြန်ခြင်း အပါအဝင် ၎င်းတို့အတွက်ရွေးချယ်စရာများ၊ အခွင့်အရေးများနှင့် ဖြစ်နိုင်ခြေအန္တရာယ်များ အကြောင်း ကိုလည်းကောင်း အသက်ရှင်သန်ကျန်ရစ်သူတစ်ဦးချင်းစီက ပြည့်စုံရှင်းလင်းမှန်ကန်စွာ သိရှိနိုင်အောင် ကျွန်ုပ်တို့ အနေဖြင့် အခိုင်အမာဆောင် ရွက်ပေးသွားမည်။ ကျွန်ုပ်တို့သည် ဤအချက်အလက်များကို အသက်ရှင်သန်ကျန်ရစ် သူများက နားလည်နိုင်သော၊ လက်ခံရယူနိုင်သောပုံစံဖြင့် ရှင်းလင်းဖော်ပြသွားမည်။ သို့မှသာ အသက်ရှင်သန်ကျန်ရစ် သူများက ကျွန်ုပ်တို့နှင့် ပူးပေါင်းလုပ်ဆောင်လိုခြင်း ရှိမရှိကိုလည်းကောင်း၊ မည်သို့သော သတ်မှတ်ချက်များနှင့်အညီ ပူးပေါင်းလုပ်ဆောင်လိုသည် ကိုလည်းကောင်း ဆုံးဖြတ်နိုင်မည်ဖြစ်သည်။ အသက်ရှင်သန်ကျန်ရစ်သူများသည် ကျွန်ုပ်တို့နှင့် မည်သို့သော ထိတွေ့ဆက်ဆံမှုမျိုးကိုမဆို ခေတ္တရပ်ဆိုင်းနိုင်ခြင်း သို့မဟုတ် အပြီးသတ်ရပ်ဆိုင်းခြင်းနှင့် မေးခွန်းတစ်စုံတရာကို မဖြေရန်ဆုံးဖြတ်ခြင်း ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ကျွန်ုပ်တို့က အသက်ရှင်သန်ကျန်ရစ်သူများကို အတိအလင်း အသိပေးထားရမည်။ အသက်ရှင်သန်ကျန်ရစ်သူတစ်ဦး၏ စတင်ပါဝင်ခြင်းမပြုရန် သို့မဟုတ် ဆက်လက်ပါဝင်ခြင်းမပြုရန် ဆုံးဖြတ်ချက်ကို ကျွန်ုပ်တို့ လေးစားအသိအမှတ်ပြုသွားမည်။

**၂.၃။ အသက်ရှင်သန်ကျန်ရစ်သူများက ၎င်းတို့အချက်အလက်များကို ကိုယ်တိုင်ထိန်းချုပ်နိုင်ခွင့်။** ။အသက်ရှင်သန် ကျန်ရစ်သူများ၏ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်တွင် ၎င်းတို့၏ ကိုယ်ရေးရာဇဝင်၊ ကိုယ်ပိုင်ဝိသေသလက္ခဏာ၊ ရုပ်ပုံ စသည် တို့ကို ၎င်းတို့ကိုယ်တိုင် ထိန်းချုပ်စီမံပိုင်ခွင့်လည်း ပါဝင်သည်ဟု ကျွန်ုပ်တို့အနေဖြင့် နားလည်အသိအမှတ်ပြုသည်။ ကျွန်ုပ်တို့သည် အဆိုပါအခွင့်အရေးကို လေးစားလိုက်နာခြင်းနှင့် ပံ့ပိုးကူညီခြင်း ပြုလုပ်သွားမည်။ ကျွန်ုပ်တို့သည် အသက်ရှင်သန်ကျန်ရစ်သူများ၏ (မည်သည့် ပုံစံမျိုးနှင့်မဆိုရှိနေသော) ကိုယ်ရေးကိုယ်တာအချက်အလက်အားလုံးကို လျှို့ဝှက်ထိန်းသိမ်းပေးသွားမည်။ ကျွန်ုပ်တို့သည် ထိုအချက်အလက်များကို အသက်ရှင်သန်ကျန်ရစ်သူများ

ကျိုးကြောင်း နားလည်မှုအပေါ်အခြေခံသည့် ရှင်း ၆ တိကျသော သဘောတူချက်မရဘဲ အသုံးပြုခြင်း၊ ဝေမျှခြင်း ပြုလုပ်သွားမည် မဟုတ်ပါ။

**၂.၄။ ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် ပံ့ပိုးကူညီခြင်း။** ။အကယ်၍ ဥပမာအားဖြင့် ဉာဏပိုင်းဆိုင်ရာ သို့မဟုတ် သိမြင်မှု ပိုင်းဆိုင်ရာ ချို့ယွင်းချက်များကြောင့်ဖြစ်စေ၊ ဆက်သွယ်ပြောဆိုမှု အခက်အခဲများကြောင့်ဖြစ်စေ အသက်ရှင်သန် ကျန်ရစ်သူများ၏ ရွေးချယ်မှုများအား ကျွန်ုပ်တို့၏သိရှိဖော်ထုတ်နိုင်စွမ်းအပေါ် ကန့်သတ်မှုများရှိလာပါက ကျွန်ုပ်တို့ သည် အသက်ရှင်သန်ကျန်ရစ်သူနှင့် ၎င်း၏အကျိုးဆောင်တို့ကို ဆုံးဖြတ်ချက်ချမှုဖြစ်စဉ်များတွင် ပါဝင်နိုင်အောင် သင့်လျော်သည့်အစီအစဉ်[၇] ဖန်တီးပေးသွားမည်ဖြစ်ပြီး ထိုသို့ ဖန်တီးပေးရာတွင် ၎င်းတို့၏ ဆန္ဒနှင့်ဦးစားပေး ရွေးချယ် မှုများအပေါ် အခြေခံ၍ ဆောင်ရွက်သွားမည်။

**၂.၅။ ကလေးသူငယ်များနှင့်အတူ ဆုံးဖြတ်ချက်ချမှတ်ခြင်း။** ။ကွန်ုပ်တို့သည် ဆုံးဖြတ်ချက်ချသည့်ဖြစ်စဉ်များတွင် ကလေးသူငယ်များ၏ပါဝင်ခွင့်ကို လေးစားလိုက်နာသွားမည်။ (ကလေးသူငယ်များ၏ အသက်အရွယ်၊ ရင့်ကျက်မှု၊ ဆင့်ကဲဖွံ့ဖြိုးလာသည့် စွမ်းဆောင်ရည်များ၊ စိတ်ဒဏ်ရာနှင့်အတွေ့အကြုံ၊ ဂျန်ဒါ၊ ပတ်ဝန်းကျင်/အခြေအနေတို့ကို ထည့်သွင်းစဉ်းစားကာ) ကလေးငယ်သူများ၏ ပူးပေါင်းပါဝင်နိုင်စွမ်းကို ပညာရှင်ရှုထောင့်မှ ဆန်းစစ်အကဲဖြတ်မှု ပြုလုပ်သွားမည်ဖြစ်ပြီး ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်[၈] တွင်ပါဝင်သည့် လမ်းညွှန် ချက် အခြေခံမှု (၄) ရပ်အတိုင်း ကျွန်ုပ်တို့ လိုက်နာဆောင်ရွက်သွားမည်။ ထို့ပြင် အုပ်ထိန်းသူများ၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ဥပဒေကြောင်းအရ လိုအပ်ချက်များကိုလည်း နားလည်သဘောပေါက်အောင် ဆောင်ရွက်သွားမည်။

**၂.၆။ ဖိအားများကိုလျှော့ချပါ။** ။ကျွန်ုပ်တို့သည် အသက်ရှင်သန်ကျန်ရစ်သူများအား ၎င်းတို့၏အချက်အလက်များကို ဝေမျှရန် ဖိအားပေးမှုဖြစ်စေနိုင်သည့် အကြောင်းတရားများ လျှော့နည်းသွားအောင် ကြိုတင်ဆောင်ရွက်သွားမည်။ ထိုအကြောင်းတရားများတွင် အမှန်တကယ်ရှိနေသော သို့မဟုတ် ရှိနေသည်ဟုရှုမြင်ထားသော အာဏာအချိုးမညီမှု၊ အဆင့်အတန်း၊ ဂျန်ဒါ သို့မဟုတ် အသက်အရွယ်နှင့် လူမှုရေးကျင့်ဝတ်များအပြင် နိုင်ငံရေးဆန်အောင်ဖန်တီးခြင်း သို့ မဟုတ် မိသားစုနှင့် လူမှုအသိုင်းအဝိုင်း၏ လွှမ်းမိုးခြင်း စသည်တို့လည်းပါဝင်သည် (လူမှုအသိုင်းအဝိုင်းနှင့် ပတ်သက် သည့် အသက်ရှင်သန်ကျန်ရစ်သူများ၏ စိုးရိမ်ပူပန်မှုများသည် ၎င်းတို့အတွက် အပြုသဘောဆောင်သော တွန်းအားများ ဖြစ်စေနိုင်ကြောင်းကိုလည်း ကျွန်ုပ်တို့အသိအမှတ်ပြုပါသည်)။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့တွင် ရှိကောင်းရှိနိုင်သည့် ဥပဒေကြောင်းအရလုပ်ပိုင်ခွင့်ကို အသုံးပြု၍ အသက်ရှင်သန်ကျန်ရစ်သူများအား အတင်းအကြပ်စေခိုင်းခြင်း ပြုလုပ် သွားမည်မဟုတ်ပါ။ ထိုသို့လုပ်ဆောင်ခြင်းသည် ၎င်းတို့ကိုဖြစ်စေ၊ မည်သည့် တရားမျှတမှုဖြစ်စဉ်နှင့် ရလဒ်မျိုးကိုမဆို ဖြစ်စေ ထိခိုက်စေနိုင်သောကြောင့်ဖြစ်သည်။

**၂.၇။ အချက်အလက်များရရှိရန် အကျိုးအမြတ်ပေး၍ မက်လုံးမပေးပါနှင့်။** ။ကျွန်ုပ်တို့သည် အသက်ရှင်သန်ကျန်ရစ် သူများက ကျွန်ုပ်တို့ကို အချက်အလက်များပေးရန် သဘောတူညီမှုရရှိအောင် ရည်ရွယ်၍ အထောက်အပံ့၊ အကူအညီ၊ အကာအကွယ် သို့မဟုတ် အခြားသော အကျိုးအမြတ်များပေးမည့် အကြောင်းရှိစေရန် (တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက် ၍ဖြစ်စေ) အခြေအနေဖန်တီးခြင်း သို့မဟုတ် ကတိပေးခြင်း ပြုလုပ်သွားမည်မဟုတ်ပါ။ သို့ရာတွင် အသက်ရှင်သန် ကျန်ရစ်သူများက ကျွန်ုပ်တို့ကိုကူညီနိုင်ရန်အတွက် ငွေကြေး သို့မဟုတ် အခြားကုန်ကျမှုများ စိုက်ထုတ်ပေးရခြင်းမရှိ စေရန် ကျွန်ုပ်တို့ကြိုးပမ်းသွားမည်။ ကျွန်ုပ်တို့သည် အသက်ရှင်သန်ကျန်ရစ်သူများက ကျွန်ုပ်တို့နှင့် ပြောဆိုဆွေးနွေးမှု ပြုလုပ်လာအောင် ဖိအားဖြစ်စေရန် သို့မဟုတ် တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လာစေရန် ရည်ရွယ်၍ ၎င်းတို့နှင့် ပတ်သက်သူများထံမှ အကူအညီရလာအောင် မက်လုံးပေးခြင်း သို့မဟုတ် စီးပွားရေးဆန်ဆန်ပြုမူခြင်း ဆောင်ရွက် သွားမည်မဟုတ်ပါ။

**၂.၈။ စစ်မှန်သောမျှော်လင့်ချက်ထားအောင် အခိုင်အမာဆောင်ရွက်ပါ။** ။ကျွန်ုပ်တို့သည် အသက်ရှင်သန်ကျန်ရစ်သူ များ၏ အချက်အလက်များကို အသုံးပြုမည့်နည်းလမ်းများနှင့် မျှော်မှန်းထားသောရလဒ်များနှင့်ပတ်သက်၍ (၎င်းရလဒ် များအပေါ်လွှမ်းမိုးမှုရှိနိုင်သည့် ပြင်ပအကြောင်းတရားများအပါအဝင်) ရိုးသားစစ်မှန်သော သတင်းအချက်အလက်များ ပေးသွားမည်။ ကျွန်ုပ်တို့သည် အသက်ရှင်သန်ကျန်ရစ်သူများက မျှော်လင့်ထားသောအရာများနှင့် ပတ်သက်၍ ၎င်းတို့ နှင့်တိုင်ပင်ဆွေးနွေးပြီး ၎င်းတို့အနေဖြင့် လက်တွေ့ကျသော မျှော်လင့်ချက်များအပေါ်အခြေခံ၍ ဆုံးဖြတ်ချက်များ ချမှတ်နိုင်အောင် ကူညီပံ့ပိုးပေးသွားမည်။

**၂.၉။ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြတ်သားမှုရှိပါ။** ။ကျွန်ုပ်တို့သည် မိမိလုပ်နိုင်သည့်အရာနှင့် မလုပ် နိုင်သည့်အရာများ၊ အကာအကွယ်ပေးနိုင်သည့်အရာနှင့် အကာအကွယ်မပေးနိုင်သည့်အရာများ၊ ကျွန်ုပ်တို့ကိုယ်တိုင်၏ အကန့်အသတ်များနှင့် လုပ်ငန်းသဘောအရ ကန့်သတ်ချက်များ စသည်တို့နှင့်ပတ်သက်၍ အသက်ရှင်သန်ကျန်ရစ်သူ များကို ရှင်းလင်းရိုးသားစွာ အသိပေးထားပါမည်။ အကယ်၍ ကျွန်ုပ်တို့သည် အသက်ရှင်သန်ကျန်ရစ်သူများ၏ ဆန္ဒ များကို ဖြည့်ဆည်းပေးရန် ကျွန်ုပ်တို့၏ ချဉ်းကပ်မှုနည်းလမ်းကို လိုက်လျောညီထွေပြောင်းလဲခြင်း မပြုလုပ်နိုင်ပါက ဘာကြောင့်မပြုလုပ်နိုင်ကြောင်းကို ၆ သွားပါမည်။ (အာဏာပိုင်များထံသို့ ပြစ်မှုဖြစ်စဉ်အကြောင်းတင်ပြရမည့် တာဝ ဖြစ်စေ၊ အသက်အန္တရာယ်ထိပါးနိုင်သော အခြေအနေများတွင် ခုခံကာကွယ်မှု သို့မဟုတ် တုံ့ပြန်မှုပြုလုပ် နိုင်ရန်အတွက်

ဖွင့်ဟပြောဆိုရန်တာဝန်အရဖြစ်စေ ဆောင်ရွက်ခြင်း စသည့်) အသက်ရှင်သန်ကျန်ရစ်သူများ၏ အချက်အလက်များကို အစီရင်ခံတင်ပြရန် သို့မဟုတ် ပြန်လည်ဝေမျှရန် တာဝန်ရှိသောအခါ ကျွန်ုပ်တို့သည် အသက်ရှင်သန် ကျန်ရစ်သူနှင့် ကြိုတင်ဆွေးနွေးမှုပြုလုပ်ကာ ၎င်းတို့အနေဖြင့် ကျွန်ုပ်တို့ထံသို့ အချက်အလက်များ ဆက်လက်ပေး လိုသည့် ဆန္ဒရှိမရှိ ဆုံးဖြတ်နိုင်ရန် အချိန်ပေးသွားပါမည်။

**၂.၁၀။ သဘောတူညီချက် ပြန်လည်ရုတ်သိမ်းခြင်းကို လေးစားလိုက်နာပါ။** ။အသက်ရှင်သန်ကျန်ရစ်သူများသည် (အင်တာဗျူးတစ်ခုခု ပြုလုပ်နေဆဲအချိန် အပါအဝင်) လုပ်ငန်းကာလတွင်ဖြစ်စေ၊ လုပ်ငန်းပြီးဆုံးသည့် နောက်တွင် ဖြစ်စေ သဘောတူညီချက်ပေးထားခြင်းကို အချိန်မရွေး ပြန်လည်ရုတ်သိမ်းခွင့်ရှိကြောင်းနှင့် ထိုသို့ပြန်လည် ရုတ်သိမ်း လိုပါက ကျွန်ုပ်တို့ကို မည်ကဲ့သို့အသိပေး အကြောင်းကြားနိုင်ကြောင်း ၎င်းတို့သိရှိနားလည်အောင် ကျွန်ုပ်တို့ဆောင်ရွက်သွားပါမည်။ သဘောတူညီချက် ပြန်လည်ရုတ်သိမ်းသည့်အခါ ကျွန်ုပ်တို့ လုပ်ပေးနိုင်စွမ်းရှိသည့် အရာများနှင့် ကျွန်ုပ်တို့ ထိန်းချုပ်နိုင်စွမ်းမရှိသည့်အရာများ နှင့်ပတ်သက်၍ ရှင်းလင်းစွာအသိပေးသွားမည်။ အကယ်၍သဘောတူညီ ချက် အမှန်တကယ် ပြန်လည်ရုတ်သိမ်းခဲ့ပါက ထိုသို့အသိပေးထားသည့်အတိုင်း ကျွန်ုပ်တို့ ပြောထားသောအရာများကို လုပ်ဆောင်သွားပါမည်။

## အခြေခံမူ (၃) တာဝန်ယူမှု၊ ဖြောင့်မတ်မှုရှိပါ။

**၃.၁။ အချက်အလက်ကောက်ယူသူများ၏တာဝန်။** ။အသက်ရှင်သန်ကျန်ရစ်သူများ၏ ရွေးချယ်မှုကိုအကြောင်းပြု၍ အချက်အလက် ကောက်ယူသူများသည် တာဝန်ခံမှုရှိစွာ ဆုံးဖြတ်ချက်ချမှတ်ရန် ပျက်ကွက်၍မရကြောင်း ကျွန်ုပ်တို့ နားလည်ပါသည်။ အသက်ရှင်သန်ကျန်ရစ်သူများက ကြုံတွေ့လာနိုင်သည့်အန္တရာယ်များကို ရင်ဆိုင်ရန်ဆန္ဒရှိသည့်တိုင် ကျွန်ုပ်တို့၏စွမ်းရည်၊ လုံခြုံရေးအခြေအနေနှင့် အခြားသောအန္တရာယ်များအပေါ် ဆန်းစစ်မှုပြုလုပ်ပြီးနောက် ကျွန်ုပ်တို့ အနေဖြင့် ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် ဆုံးဖြတ်ချက်ချမှတ်ရသည့်အခါမျိုး ရှိလာနိုင်သည်ကို ကျွန်ုပ်တို့နားလည် လက်ခံပါသည်။ ထိုသို့သောအခြေအနေများတွင် အသက်ရှင်သန်ကျန်ရစ်သူများနှင့် အဆက်အသွယ်ရှိထားပြီးဖြစ်ပါက ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စိုးရိမ်ပူပန်မှုများ၊ အကြောင်းပြချက်များနှင့် အခြားသောရွေးချယ်စရာ နည်းလမ်းများကို ၎င်းတို့နှင့် ဆွေးနွေးတိုင်ပင်သွားပါမည်။

**၃.၂။ ဂုဏ်သိက္ခာနှင့်လေးစားမှု။** ။ကျွန်ုပ်တို့သည် အသက်ရှင်သန်ကျန်ရစ်သူများကို ဆုံးဖြတ်ချက်ချသူများအဖြစ် သဘောထားကာ ဂုဏ်သိက္ခာ၊ လေးစားမှု၊ လူသားဆန်မှု၊ ယဉ်ကျေးမှု၊ အသိအမှတ်ပြုတန်ဖိုးထားမှုရှိစွာဖြင့် ပံ့ပိုးကူညီ သွားမည်။

**၃.၃။ နှိမ့်ချဆက်ဆံခြင်းမပြုလုပ်ပါနှင့်။** ။အခြားသူများ၏ အတွေ့အကြုံများ၊ ရှုမြင်ပုံများနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ နားလည်နိုင်စွမ်း အကန့်အသတ်ရှိခြင်းကိုလည်းကောင်း၊ ကျွန်ုပ်တို့ကိုယ်တိုင်၏ ဘက်လိုက်သောအမြင်များ၊ ကြောက် ရွံ့မှုများ၊ စိတ်ဒဏ်ရာများ၊ စေ့ဆော်မှုဖြစ်စေသောအရာများကိုလည်းကောင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် အသက်ရှင်သန်ကျန်ရစ်သူများအပေါ် ကျွန်ုပ်တို့ကိုယ်တိုင်၏ အမြင်များ၊ အစွဲများ၊ ယူဆချက်များကိုလည်းကောင်း ကျွန်ုပ်တို့အနေဖြင့် ပြန်လည်စိစစ်၍ ရင်ဆိုင်ဖြေရှင်းသွားမည်။ ကျွန်ုပ်တို့သည် (ကျွန်ုပ်တို့ပြောသည့် လေသံအနေ အထားအရဖြစ်စေ၊ စကားလုံးများဖြင့်ဖြစ်စေ၊ အမူအရာဖြင့်ဖြစ်စေ၊ အခြားသောအပြုအမူများဖြင့်ဖြစ်စေ) အသက် ရှင်သန်ကျန်ရစ်သူများအား အပြစ်ဖို့ခြင်း၊ အရှက်ရစေခြင်း၊ ထပ်မံထိခိုက်စေခြင်း၊ ဝေဖန်အကဲဖြတ်ခြင်း၊ နှိမ်ခြင်း၊ အထက်စီးမှဆက်ဆံခြင်း၊ လှောင်ပြောင်ခြင်း၊ မရိုမသေဆက်ဆံခြင်း ဖြစ်စေသည့် မည်သည့်ပြောဆိုမှုမျိုးကိုမျှ ပြုလုပ် သွားမည်မဟုတ်ပါ။ ထို့ပြင် ကျွန်ုပ်တို့သည် ထိုသို့ဖြစ်စေနိုင်သည့် ၎င်းတို့ပတ်သက်သော မည်သည့်အချက်အလက်ကိုမျှ တင်ပြခြင်း သို့မဟုတ် ထုတ်ဝေခြင်း ပြုလုပ်သွားမည်မဟုတ်ပါ။

**၃.၄။ တိကျသေချာမှုရှိအောင် အခိုင်အမာဆောင်ရွက်ပါ။** ။စုဆောင်းကောက်ယူထားသည့် အချက်အလက်များနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ နားလည်မှုနှင့် ပြန်လည်တင်ပြမှုသည် မှန်ကန်မှုရှိစေရန်လည်းကောင်း၊ လွဲမှားဖော်ပြချက်များ သို့မဟုတ် ထင်မြင်ချက်များ ပါဝင်မှုမရှိစေရန်လည်းကောင်း ကျွန်ုပ်တို့အနေဖြင့် စစ်ဆေးသွားမည်။ ကျွန်ုပ်တို့သည် အခွင့်သာတိုင်း အချက်အလက်များ တိကျမှုရှိမရှိကို အသက်ရှင်သန်ကျန်ရစ်သူများနှင့်အတူ တိုက်ဆိုင်စစ်ဆေးကာ လိုအပ်သော အမှားပြင်ဆင်မှုများ ပြုလုပ်သွားမည်။

**၃.၅။ အသက်ရှင်သန်ကျန်ရစ်သူများကို အမြတ်မထုတ်ပါနှင့်။** ။ကျွန်ုပ်တို့သည် အသက်ရှင်သန်ကျန်ရစ်သူများ အပေါ် ဖြစ်စေ၊ ၎င်းတို့၏အချက်အလက်များကိုဖြစ်စေ ညှစ်ယူခြင်း၊ အသုံးချခြင်း၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ နိုင်ထက်စီးနင်းပြုခြင်း၊ ထိပါးနှောင့်ယှက်ခြင်း၊ အခွင့်အရေးယူခြင်း ပြုလုပ်သွားမည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် မည်သည့် ပုံစံဖြင့်မဆို ထပ်မံထိခိုက်နစ်နာစေခြင်း၊ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်း သို့မဟုတ် နိုင်ထက်စီးနင်းပြုခြင်း မဖြစ်အောင် တားဆီးမှုများနှင့် တုံ့ပြန်ဆောင်ရွက်မှုများ ပြုလုပ်သွားမည်။

**၃.၆။ ယုံကြည်စိတ်ချရသူဖြစ်အောင် ဆောင်ရွက်ပါ။** ။ကျွန်ုပ်တို့သည် မတည်နိုင်လောက်သည့်ကတိများ ပေးသွား မည်မဟုတ်ပါ။ လျှို့ဝှက်ချက်များပေါက်ကြားခြင်းအပါအဝင် ယုံကြည်မှုချိုးဖောက်ခြင်းသည် အသက်ရှင်သန်ကျန်ရစ် သူများ၏ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာအဆင်ပြေရေးအပေါ် နောက်ဆက်တွဲဂယက်များ ဖြစ်ပေါ်စေကြောင်း၊ ထို့ပြင် ၎င်းတို့အနေဖြင့် အခြားသူများအပေါ် ယုံကြည်မှုကျဆင်းလာခြင်း၊ ၎င်းတို့အား ပံ့ပိုးကူညီမှုပေးရာတွင် အတား အဆီးများ ပေါ်ပေါက်လာခြင်းဖြစ်စေကြောင်း ကျွန်ုပ်တို့အနေဖြင့် လက်ခံအသိအမှတ်ပြုပါသည်။

**၃.၇။ ဖြစ်နိုင်ခြေ သက်သေအထောက်အထားများကို မထိခိုက်ပါစေနှင့်။** ။ကျွန်ုပ်တို့သည် အသက်ရှင်သန်ကျန်ရစ်သူ တစ်ဦးထံတွင်ဖြစ်စေ၊ နေရာတစ်ခုတွင်ဖြစ်စေ ရှိနေသော မှုရင်းစာရွက်စာတမ်းများ၊ ရုပ်ဝတ္ထုပစ္စည်းများ သို့မဟုတ် အခြားသော သက်သေအထောက်အထား ဖြစ်လာနိုင်သည့်အရာများကို ယူဆောင်ခြင်း သို့မဟုတ် ဖယ်ရှားခြင်း ပြုလုပ် မှုနှင့်ပတ်သက်လျှင် ထိုသို့ပြုလုပ်ရန် လုပ်ပိုင်ခွင့်တာဝန်ရှိခြင်း၊ အမှန်တကယ်လုပ်ရန်လိုအပ်ခြင်း၊ လုံခြုံစွာပြုလုပ်နိုင် ခြင်း၊ ထိုသို့ပြုလုပ်ရန် အခြားသင့်တော်သည့် တာဝန်ရှိသူမရှိခြင်း၊ ကျွန်ုပ်တို့ထံတွင် အဆိုပါ သက်သေအထောက် အထား၏ ခိုင်မာမှုကို စီမံထိန်းသိမ်းနိုင်သည့် စွမ်းရည်ရှိခြင်း စသည့်အခြေအနေများမှလွဲ၍ ထိုသို့ပြုလုပ်ရန် တောင်းဆို ခံရသည့်တိုင် ယူဆောင်ခြင်း၊ ဖယ်ရှားခြင်း ပြုလုပ်သွားမည်မဟုတ်ပါ။

**၃.၈။ တာဝန်ခံမှုရှိပါ။** ။ကျွန်ုပ်တို့သည် ဤကျင့်ဝတ်စည်းမျဉ်းတွင်ဖော်ပြထားသော ကတိကဝတ်များအတိုင်း ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိစွာ ဆောင်ရွက်သွားပါမည်။ ထိုသို့ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် အသက် ရှင်သန်ကျန်ရစ်သူများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် လူမှုအသိုင်းအဝိုင်းအပေါ် ကျရောက်နိုင်သည့် ဖြစ်နိုင်ခြေထိခိုက် နစ်နာမှုများအကြောင်းကို ကျွန်ုပ်တို့ သိရှိနားလည်ပါသည်။ အသက်ရှင်သန်ကျန်ရစ်သူများသည် ကျွန်ုပ်တို့၏ဆောင် ရွက်ချက်များနှင့်ပတ်သက်၍ အခြားသူများထံတွင် တိုင်ကြားခြင်းအပါအဝင် ပြန်လည်တိုင်ကြားခြင်း ပြုလုပ်ခွင့်ရှိ ကြောင်း ကျွန်ုပ်တို့အသိအမှတ်ပြုပါသည်။ ကျွန်ုပ်တို့ထံသို့ တိုက်ရိုက်ပြန်လည်တိုင်ကြားလိုပါကလည်း နားထောင်ပေး သွားမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိ၏လုပ်ဆောင်မှုများကို ပိုမိုကောင်းမွန်လာအောင် မွမ်းမံရန် အကြံပြုချက်ကို လက်ခံသွားမည်ဖြစ်သည်။

## အခြေခံမှု (၄) အကျိုးမပြုနိုင်လျှင် မလုပ်ဆောင်ပါနှင့်။

**၄.၁။ တာဝန်ယူမှုရှိသော ဆုံးဖြတ်ချက်များချပါ။** ။ ကျွန်ုပ်တို့သည် ဤအလုပ်ကို ဆောင်ရွက်ရန်သင့်မသင့်နှင့် မည် သည့်အချိန်တွင် မည်သို့ဆောင်ရွက်သင့်ကြောင်း စသည့် တာဝန်ယူမှုရှိသောဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အထောက် အကူပြုရန် ဤအခြေခံမှုအတွင်း ပါဝင်သောအကြောင်းအရာများကို ဆန်းစစ်သွားမည်။ ကျွန်ုပ်တို့ရည်ရွယ်ထားသည့် လုပ်ငန်းနှင့် နည်းလမ်းများသည် အသက်ရှင်သန်ကျန်ရစ်သူများအတွက် လုံခြုံစိတ်ချမှု၊ ထိရောက်မှု၊ အကျိုးဖြစ်ထွန်းမှု ရှိမရှိ ရိုးသားပွင့်လင်းစွာဆန်းစစ်နိုင်ရန် ရပ်ရွာအခြေပြုအစုအဖွဲ့များ၊ ပြင်ပမှကျွမ်းကျင်ပညာရှင်များ စသောအခြား သောသူများနှင့် ဆွေးနွေးတိုင်ပင်ခြင်းသည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဆန်းစစ်မှုများ လုပ်ဆောင်ခြင်းအတွက် အကျိုးရှိနိုင် ကြောင်း ကျွန်ုပ်တို့အသိအမှတ်ပြုပါသည်။

**၄.၂။ ကျွန်ုပ်တို့တွင် မည်သည့်အခန်းကဏ္ဍနှင့်ရည်ရွယ်ချက်များ ရှိသနည်း။** ။ကျွန်ုပ်တို့သည် မိမိတို့၏ရည်ရွယ်ချက်နှင့် အခန်းကဏ္ဍ၊ မိမိအခန်းကဏ္ဍ၏ ကန့်သတ်ချက်များနှင့်အဟန့်အတားများ၊ အသက်ရှင်သန်ကျန်ရစ်သူများထံမှ အချက်အလက်များကို ကောက်ယူရသည့်အကြောင်းရင်း၊ မည်သည့်အချက်အလက်များကို မည်သူ့ထံမှ မည်သည့်ပုံစံ မျိုးဖြင့် အမှန်တကယ်လိုအပ်ကြောင်း၊ အဆိုပါ အချက်အလက်များကို မည်ကဲ့သို့အသုံးချရန် ရည်ရွယ်ထားကြောင်းနှင့် ထိုရည်ရွယ်ချက်အရ မည်သူတို့နှင့် ဤအချက်အလက်များကို ဝေမျှသုံးစွဲသွားနိုင်ကြောင်း စသည်တို့နှင့်ပတ်သက်၍ ရိုးသားရှင်းလင်းစွာ အသိပေးသွားမည်။

**၄.၃။ အခြားသတင်းအရင်းအမြစ်များ ရှိပါသလား။** ။ကျွန်ုပ်တို့သည် SCRSV အချက်အလက်များရရှိနိုင်သော အခြား သတင်းအရင်းအမြစ်များကို ရှာဖွေသွားမည်ဖြစ်ပြီး ကျွန်ုပ်တို့၏လုပ်ပိုင်ခွင့်တာဝန် သို့မဟုတ် ရည်ရွယ်ချက်အရ အသက်ရှင်သန်ကျန်ရစ်သူများကို အင်တာဗျူးရန် အမှန်တကယ်လိုအပ်ခြင်း ရှိမရှိကိုလည်းကောင်း၊ သို့မဟုတ် ၎င်းတို့ ထံမှရယူထားပြီးသား တစ်ဆင့်ခံအချက်အလက်များကိုသာ ပြန်လည်အသုံးပြုခြင်း ပြုသင့်မပြုသင့်ကိုလည်းကောင်း မိမိကိုယ်ကို ပြန်လည်ဆန်းစစ်သွားပါမည်။ အခြားသတင်းအရင်းအမြစ်များ ရှာဖွေခြင်းသည် အသက်ရှင်သန်ကျန်ရစ် သူများအပေါ် ဖြစ်စေ၊ ၎င်းတို့နှင့်နီးစပ်သူများအပေါ် ဖြစ်စေ၊ ကျွန်ုပ်တို့အပေါ် ဖြစ်စေ ကျရောက်လာနိုင်သော ဖြစ်နိုင်ခြေ အန္တရာယ်များကို ဖယ်ရှားပေးခြင်း၊ အသက်ရှင်သန်ကျန်ရစ်သူများထံမှ သတင်းအချက်အလက် တိုက်ရိုက်ကောက် ယူရန် လိုအပ်ချက်ကို ဖယ်ရှားပေးခြင်း၊ အသက်ရှင်သန်ကျန်ရစ်သူများအပေါ် ဖိအားလျော့နည်းစေခြင်း၊ ၎င်းတို့အနေ ဖြင့် အချက်အလက်ကောက်ယူမှုတွင် ပါဝင်လိုခြင်းရှိမရှိ ပိုမိုလွတ်လပ်စွာ ရွေးချယ်နိုင်စေခြင်း စသည့် အကျိုးကျေးဇူး များရရှိစေကြောင်း ကျွန်ုပ်တို့အသိအမှတ်ပြုပါသည်။

**၄.၄။ ကျွန်ုပ်တို့မျှော်မှန်းထားသောရလဒ်များသည် လက်တွေ့ကျပါသလား။** ။ကျွန်ုပ်တို့သည် မိမိတွင်ရှိသော အရင်း အမြစ်၊ အချိန်၊ တတ်ကျွမ်းမှု ဘောင်အတွင်းမှ သူတပါးကိုမထိခိုက်စေဘဲ ရည်ရွယ်ထားသည့်ရလဒ်များကို လက်တွေ့ ကျကျ အကောင်အထည်ဖော်နိုင်မှသာ ဤလုပ်ငန်းကို လုပ်ဆောင်သွားမည်ဖြစ်သည်။

**၄.၅။ ကျွန်ုပ်တို့သည် တစ်စုံတရာ တန်ဖိုးမြှင့်တင်ပေးနိုင်ပါသလား။** ။ကျွန်ုပ်တို့၏လုပ်ငန်းများနှင့် ဆောင်ရွက်ချက် များသည် အသက်ရှင်သန်ကျန်ရစ်သူများအတွက် မည်သို့သော တန်ဖိုးမြှင့်တင်မှု သို့မဟုတ် အကျိုးပြုမှု ဖြစ်စေနိုင် ကြောင်း ကျွန်ုပ်တို့အနေဖြင့် ရိုးသားစွာ ပြန်လည်ဆင်ခြင်သုံးသပ်သွားပါမည်။ ကျွန်ုပ်တို့သည် ဤကိစ္စရပ်များကို အသက်ရှင်သန်ကျန်ရစ်သူများနှင့် ဆွေးနွေးတိုင်ပင်သွားပါမည်။ ကျွန်ုပ်တို့လုပ်ဆောင်မှုသည် တစ်စုံတရာ တန်ဖိုး မြှင့်တင်ပေးနိုင်မှုရှိမှသာ ကျွန်ုပ်တို့အနေဖြင့် ဆက်လက်လုပ်ဆောင်သွားပါမည်။ အချို့သောအသက်ရှင်သန်ကျန်ရစ်သူ များသည် ၎င်းတို့၏မိသားစုများ၊ လူမှုအသိုင်းအဝိုင်းများ သို့မဟုတ် အစုအဖွဲ့များအတွက် ကျွန်ုပ်တို့လုပ်ဆောင်ချက်မှ ရရှိလာသော တန်ဖိုးမြှင်တင်မှုကြောင့် အားတက်မှုရှိစေသည်ကို ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။

**၄.၆။ အကျိုးနှင့်အပြစ်ကိုချိန်ဆပါ။** ။ကျွန်ုပ်တို့သည် တန်ဖိုးမြှင့်တင်မှုပေးနိုင်သည့် ဖြစ်နိုင်ခြေအကျိုးကျေးဇူးများနှင့် ကျွန်ုပ်တို့ နားလည်ထားသော ဖြစ်နိုင်ခြေအန္တရာယ်ကို ဂရုတစိုက်အပြန်အလှန် ချိန်ဆသွားပါမည်။ ကျွန်ုပ်တို့သည် အန္တရာယ်ဖြစ်နိုင်ခြေကို လျော့ချနိုင်ပြီး ရည်ရွယ်ချက်နှင့်ကိုက်ညီသော အလွယ်တကူမွန်းမံနိုင်သည့် နည်းစနစ်များကို ရေးဆွဲသွားပါမည်။

**၄.၇။ မကောင်းသောအလေ့အထများကို အားပေးသည့်အရာများအား တွန်းလှန်ပါ။** ။ကျွန်ုပ်တို့သည် လုံခြုံမှု၊ ထိ ရောက်မှု၊ ကျင့်ဝတ်နှင့်ကိုက်ညီမှုရှိစွာ ဆောင်ရွက်နိုင်ခြင်းမရှိသောအခါ "အရေးပေါ် လိုအပ်ချက်အရ"၊ "အများပြည်သူ ၏အကျိုးအတွက်"၊ "အရေအတွက်သတ်မှတ်ချက်ပြည့်မီရေးအတွက်"၊ "ကြိုတင်ကာကွယ်ရေးအတွက်" ဟူသည့် မည် သို့သောဖိအားပေးမှု သို့မဟုတ် အကြောင်းပြချက်များကိုမဆို သို့မဟုတ် ဆက်လက်ဆောင်ရွက်ရန် တွန်းပို့သည့် မည်သို့သောစေ့ဆော်မှု တစ်စုံတရာကိုမဆို အထူးဂရုပြု ဝေဖန်ဆန်းစစ်သွားမည်ဖြစ်သည်။

**၄.၈။ ထိတွေ့ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်နိုင်သည့်အန္တရာယ်များကို အတတ်နိုင်ဆုံးလျော့ချပါ။** ။ကျွန်ုပ်တို့သည် အ သက်ရှင်သန်ကျန်ရစ်သူများကို ယခင်က ၎င်းတို့ဖြေကြားဖူးသော အင်တာဗျူးများအကြောင်း သို့မဟုတ် အချက်အ လက်ဝေမျှခြင်းများအကြောင်းကို မေးမြန်းပြီး ကျွန်ုပ်တို့နှင့် ဆက်လက်လုပ်ဆောင်ခြင်းကြောင့် ကြုံတွေ့လာနိုင်သော အန္တရာယ်များကိုလည်းကောင်း၊ ဆက်လက်မလုပ်ဆောင်ပါက အခြားဆောင်ရွက်နိုင်သော အစားထိုးနည်းလမ်းများကို လည်းကောင်း ၎င်းတို့နှင့် ဆွေးနွေးတိုင်ပင်သွားမည်။ ထိုဖြစ်နိုင်ခြေအန္တရာယ်များတွင် အသက်ရှင်သန်ကျန်ရစ်သူ များအတွက် တရားမျှတမှုရရှိခွင့်ကို ထိခိုက်စေနိုင်သည့် ရှေ့နောက်မညီသော ထွက်ဆိုမှုများပြုလုပ်မိခြင်း၊ ထပ်ဆင့် စိတ်ဒဏ်ရာရနိုင်သည့် အလားအလာရှိခြင်း၊ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ဆုံးရှုံးခြင်းနှင့် ကဲ့ရဲ့ရှုတ်ချခံရခြင်း စသည်တို့ပါဝင် သည်။ ကျွန်ုပ်တို့သည် အသက်ရှင်သန်ကျန်ရစ်သူများက ယခင်ကပြောကြားခဲ့သော ထွက်ဆိုချက်များကို ရွေးချယ်စရာ တစ်ခုအဖြစ်ဖြစ်စေ၊ အင်တာဗျူးထပ်မံပြုလုပ်ခြင်းအတွက် အစားထိုးနည်းလမ်းတစ်ခုအဖြစ်ဖြစ်စေ ရယူအသုံးပြုနိုင်ရန် အသက်ရှင်သန်ကျန်ရစ်သူများနှင့် ဆွေးနွေးတိုင်ပင်သွားမည်။ အကယ်၍ အသက်ရှင်သန်ကျန်ရစ်သူက အင်တာဗျူး ထပ်မံပြုလုပ်ရန် ရွေးချယ်ပါက ထိုသို့ ထပ်မံအင်တာဗျူးခြင်းကြောင့် ဖြစ်လာနိုင်သော အန္တရာယ်များကို အတတ်နိုင်ဆုံး လျော့ချရန် ကြိုတင်ဆောင်ရွက်သွားမည်။

**၄.၉။ သတင်းအချက်အလက်ဝေမျှခြင်း။** ။အသက်ရှင်သန်ကျန်ရစ်သူများသည် ၎င်းတို့၏အချက်အလက်များကို မလိုအပ်ဘဲ ပုံစံတူထပ်မံကောက်ယူမှုနှင့်ကြုံတွေ့ရခြင်း သို့မဟုတ် ၎င်းတို့ကိုယ်တိုင် နောက်ထပ်တိုက်ရိုက်ပူးပေါင်းပါ ဝင်ရခြင်းကြောင့် စိတ်ဒဏ်ရာဟောင်းပြန်လည်ဖြစ်ပေါ်ခြင်း သို့မဟုတ် အခြားသော အန္တရာယ်များနှင့် ကြုံတွေ့လာရ ခြင်း မဖြစ်အောင်ရှောင်ရှားနိုင်ရန် ၎င်းတို့အနေဖြင့် ကျွန်ုပ်တို့ကောက်ယူထားသော ၎င်းတို့၏အချက်အလက်များကို အခြားသော ယုံကြည်စိတ်ချရသည့် အစုအဖွဲ့များထံသို့ ပြန်လည်ဝေမျှစေလိုခြင်းရှိမရှိ ၎င်းတို့နှင့်ဆွေးနွေးတိုင်ပင်သွား မည်။ အသက်ရှင်သန်ကျန်ရစ်သူတစ်ဦးက ၎င်း၏အချက်အလက်များကို ဝေမျှရန်ဆုံးဖြတ်ပါက ထိုဆုံးဖြတ်ချက်သည် ကျိုးကြောင်းနားလည်မှုအပေါ်အခြေခံသည့် သဘောတူချက်ဖြစ်စေရန်လည်းကောင်း၊ အန္တရာယ်ကျရောက်နိုင်ခြေ ဆန်းစစ်ချက်၏ လမ်းညွှန်မှုဖြင့်ဖြစ်စေ အထောက်အကူဖြင့်ဖြစ်စေ ဆုံးဖြတ်ချက်ချခြင်း ဖြစ်စေရန်လည်းကောင်း၊ ထိုသို့ချမှတ်လိုက်သောဆုံးဖြတ်ချက်ကို အသက်ရှင်သန်ကျန်ရစ်သူများ၏ ဆန္ဒနှင့်အညီ အန္တရာယ်ကင်းစွာ၊ ထိရောက် စွာ၊ အကောင်အထည်ဖော်နိုင်ရန်လည်းကောင်း ကျွန်ုပ်တို့ အခိုင်အမာဆောင်ရွက်သွားပါမည်။

**၄.၁၀။ အနည်းဆုံးအချက်အလက်ကောက်ယူမှုဖြစ်အောင် ဆောင်ရွက်ခြင်း။** ။တိကျသောရည်ရွယ်ချက်ရှိကြောင်း ကျိုးကြောင်းခိုင်လုံမှုရှိခြင်း၊ ထိုရည်ရွယ်ချက်ကိုဖြည့်ဆည်းရန် မရှိမဖြစ်လိုအပ်သည့်ပမာဏဖြစ်ခြင်း၊ ထိုရည်ရွယ် ချက်ကို ဖြည့်ဆည်းနိုင်စွမ်းအရ အချိုးညီသောပမာဏဖြစ်ခြင်း၊ ထိုအချက်အလက်များကို ကျွန်ုပ်တို့က အကာအကွယ် ပေးနိုင်စွမ်းရှိခြင်း စသည့်သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် အသက်ရှင်သန်ကျန်ရစ်သူများ၏ ဒစ်ဂျစ်တယ်အချက်

အလက်များ အပါအဝင် ပုဂ္ဂိုလ်ရေး အချက်အလက်များကိုသာ ကျွန်ုပ်တို့အနေဖြင့် စုဆောင်းခြင်း၊ သိမ်းဆည်းခြင်းနှင့် ပြန်လည်အသုံးပြုခြင်း ပြုလုပ်သွားမည်ဖြစ်သည်။

**ကြိုတင်ပြင်ဆင်မှုဆိုင်ရာ အခြေခံမူများ**

ဤအခြေခံမူများကို အချက်အလက်ကောက်ယူမှု မဆောင်ရွက်မီ ကြိုတင်ပြင်ဆင်မှုအဆင့်တွင် လိုက်နာကျင့်သုံးသင့်ပြီး အကောင်အထည်ဖော်မှုအဆင့်တွင် ပြန်လည်စိစစ်သုံးသပ်သင့်ပါသည်။ ဤမူများကို အခြားသော အခြေခံမူများအားလုံးနှင့်အတူ မဖြစ်မနေတွဲဖက်၍ ဖတ်ရှုရမည်။

## အခြေခံမူ (၅) ကြိုတင်ပြင်ဆင်ခြင်းသည် အခြေခံအုတ်မြစ်ဖြစ်သည်။



**၅.၁။ ကြိုတင်ပြင်ဆင်ပါ။** ။ကျွန်ုပ်တို့သည အချက်အလက်စတင်မကောက်ယူမီ၊ အထူးသဖြင့် အသက်ရှင်သန် ကျန်ရစ်သူများနှင့် မည်သည့်ထိတွေ့ဆက်သွယ်မှုမှ မပြုလုပ်မီ နှံ့စပ်သေချာစွာအစီအစဉ်ဆွဲခြင်းနှင့် အန္တရာယ်ဖြစ်နိုင် ခြေဆန်းစစ်ခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်ပြီး လိုအပ်သော အသိပညာ၊ စွမ်းဆောင်ရည်၊ အလုပ်အဖွဲ့၊ မူဝါဒများ နှင့် လုပ်ထုံးလုပ်နည်းများ အဆင်သင့်ဖြစ်နေစေရန် အခိုင်အမာဆောင်ရွက်သွားမည်။ ဤသို့လုပ်ဆောင်ခြင်းသည် အသက်ရှင်သန်ကျန်ရစ်သူများ၏ အခွင့်အရေးကို လေးစားမှုပေးရန်လည်းကောင်း၊ လုံခြုံမှု၊ လက်လှမ်းမှီနိုင်မှု၊ ကျင့် ဝတ်နှင့်ကိုက်ညီမှုနှင့် ထိရောက်မှုရှိသောရလဒ်များထွက်ပေါ်နိုင်ရန်လည်းကောင်း မရှိမဖြစ်လိုအပ်သည့် အခြေခံအုတ် မြစ်တစ်ခုဖြစ်သည်။

**၅.၂။ အသက်ရှင်သန်ကျန်ရစ်သူများ၏ ရွေးချယ်မှုများနှင့်အညီ ပြုပြင်ပြောင်းလဲနိုင်အောင် အခိုင်အမာဆောင်ရွက်ပါ။** ။ကျွန်ုပ်တို့သည် အသက်ရှင်သန်ကျန်ရစ်သူများက ကျွန်ုပ်တို့နှင့်ထိတွေ့ဆက်ဆံရာတွင် မည်သည်ပုံစံဖြင့်၊ မည် သည့်နေရာတွင်၊ မည်သူနှင့် (ဂျန်ဒါ၊ အသက်အရွယ်၊ အဖွဲ့အစည်း၊ စသည်ဖြင့်) ဆောင်ရွက်လိုကြောင်း ရွေးချယ်မှုများ ပြုလုပ်နိုင်အောင် တတ်နိုင်သမျှ ပြုပြင်မွမ်းမံရန်လွယ်ကူသည့် နည်းစနစ်နှင့်အလုပ်အဖွဲ့ကို တည်ဆောက်သွားမည်။

**၅.၃။ အန္တရာယ်ဖြစ်နိုင်ခြေများကိုဆန်းစစ်ပြီး လျော့ပါးအောင်ဆောင်ရွက်ပါ။** ။ကျွန်ုပ်တို့သည် အခြေအနေအပေါ် သိရှိမှုနှင့် နားလည်မှုကို အခြေခံ၍ အသက်ရှင်သန်ကျန်ရစ်သူတစ်ဦးချင်းဖြစ်စေ၊ ၎င်းတို့၏မိသားစုနှင့် ရပ်ရွာလူမှုအသိုင်း အဝိုင်းများဖြစ်စေ၊ ကျွန်ုပ်တို့ကိုယ်တိုင်ဖြစ်စေ၊ ဤလုပ်ငန်းစဉ်နှင့်ပတ်သက်သော အခြားသူများဖြစ်စေ စသည့်ပါဝင် ပတ်သက်သူအားလုံးအပေါ် ကျရောက်နိုင်သော ဖြစ်နိုင်ခြေအန္တရာယ်များကို ဖော်ထုတ်ခြင်းနှင့် ဆန်းစစ်ခြင်း ပြုလုပ် သွားမည်။ ကျွန်ုပ်တို့သည် လျှို့ဝှက်ထိန်းသိမ်းရေး၊ လုံခြုံရေး၊ ကျန်းမာအဆင်ပြေရေး၊ လူမှုရေးဂယက်၊ ကဲ့ရဲ့ရှုတ်ချမှုနှင့် ဥပဒေရေးရာအခွင့်အရေးများ[၆] စသည့်လူတစ်ဦးချင်းစီအပေါ် ဖြစ်စေ၊ အခြေအနေတစ်ခုအပေါ် ဖြစ်စေ ယေဘုယျ အားဖြင့်သော်လည်းကောင်း သီးသန့်သော်လည်းကောင်း ကျရောက်နိုင်သော ဖြစ်နိုင်ခြေအန္တရာယ်များကို ဆန်းစစ်သွား မည်။ ဤလုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် ဂျန်ဒါအရေး၊ ကလေးသူငယ်အရေးနှင့် ဆက်သွယ်ရေး ကဏ္ဍများအပြင် အချက်အလက်လုံခြုံရေး၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံရေးနှင့် အခြားသောလုံခြုံရေးကိစ္စများ စသည့်ကဏ္ဍများတွင် ကျွမ်းကျင်မှုရှိသောသူများထံမှ အကြံပြုလမ်းညွှန်ချက်များ ရယူသင့်ကြောင်း ကျွန်ုပ်တို့ လက်ခံနားလည်ပါသည်။ အကယ်၍ ကျွန်ုပ်တို့သည် အသက်ရှင်သန်ကျန်ရစ်သူတစ်ဦးချင်းစီနှင့် ပူးပေါင်းလုပ်ဆောင်ဖြစ်ပါက ၎င်းတို့ကြုံတွေ့နိုင်သော ဖြစ် နိုင်ခြေအန္တရာယ်များနှင့်ပတ်သက်၍ ၎င်းတို့ထံမှလည်း ထင်မြင်ချက်များ ရယူသွားပါမည်။ ဖြစ်နိုင်ခြေအန္တရာယ်များ လျော့နည်းအောင် သင့်လျော်သောလျော့ချမှုများ မပြုလုပ်နိုင်ပါက ကျွန်ုပ်တို့သည် လုပ်ငန်းဆက်လက်ဆောင်ရွက် သွားမည် မဟုတ်ပါ။ ဤဖြစ်နိုင်ခြေ အန္တရာယ်ဆန်းစစ်ချက်နှင့် လျော့ချရေးအစီအစဉ်များသည် ကျွန်ုပ်တို့လုပ်ငန်းကို ဘက်ပေါင်းစုံမှ လမ်းညွှန်မှုပေးသွားမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဆန်းစစ်ချက်ကို လိုအပ်သည့်အခါတိုင်း ပြန်လည် စိစစ်သုံးသပ်သွားမည်ဖြစ်သည်။

**၅.၄။ အဝေးမှဆက်သွယ်ဆောင်ရွက်ခြင်း။** ။ကျွန်ုပ်တို့သည် အွန်လိုင်းမှဖြစ်စေ၊ အခြားနည်းလမ်းများဖြင့်ဖြစ်စေ အသက်ရှင်သန်ကျန်ရစ်သူများနှင့် အဝေးမှထိတွေ့ဆက်ဆံရာတွင် ကြုံရနိုင်သည့် ကွဲပြားသောစိန်ခေါ်မှုများနှင့် ဖြစ်နိုင် ခြေအန္တရာယ်များကို နားလည်အောင် အခိုင်အမာဆောင်ရွက်သွားရမည်။ ၅စိန်ခေါ်မှုများတွင် ကြိုတင်ပြင်ဆင်ရေး၊ ဆက်သွယ်ဆောင်ရွက်ရေးနှင့် အချက်အလက်လုံခြုံရေး၊ အသက်ရှင်သန်ကျန်ရစ်သူများ၏ နည်းပညာလက်လှမ်းမှီနိုင် စွမ်း၊ ကြားခံပုဂ္ဂိုလ်များနှင့် စကားပြန်များအပါအဝင် အသက်ရှင်သန်ကျန်ရစ်သူများ တည်ရှိရာနေရာမှနေ၍ ကျွန်ုပ်တို့ အား ကူညီပေးနေသူများကို သေချာစွာစိစစ်ရေး၊ အသက်ရှင်သန်ကျန်ရစ်သူများ၏ အဆင်ပြေမှုနှင့် သက်သောင့်သက် သာရှိမှု အခြေအနေများကိုစောင့်ကြည့်ရေး၊ အသက်ရှင်သန်ကျန်ရစ်သူများ တည်ရှိရာနေရာတွင် လုံခြုံမှုရှိသော အရေးပေါ်တုန့်ပြန်ဆောင်ရွက်မှုစနစ်များရှိအောင် ဆောင်ရွက်ရေး စသည်တို့ပါဝင်သည်။ ကလေးသူငယ်များ င် အန္တရာယ်ကျရောက်နိုင်ခြေပိုမိုကြီးမားသည့်

အသက်ရှင်သန်ကျန်ရစ်သူအား အဝေးမှအင်တာဗျူးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့်ကြီးမားသည့်အန္တရာယ်များကို ကျွန်ုပ်တို့ လက်ခံအသိအမှတ်ပြုပါသည်။ အကယ်၍ကျွန်ုပ်တို့သည်ကြိုစိန်ခေါ်မှုများနှင့် ဖြစ်နိုင်ခြေအန္တရာယ်များအတွက် သင့်လျော်သောဖြေရှင်းမှု မပြုလုပ်နိုင်ပါက ထိုသို့အဝေးမှ ဆက်သွယ်ဆောင်ရွက်ခြင်းကို ဆက်လက်ပြုလုပ်သွားမည်မဟုတ်ပါ။

**၅.၅။ အခြားမည်သူများက အချက်အလက်ကော ၁၂ သည်ကို သိအောင်ဆောင်ရွက်ပါ။** ။ကျွန်ုပ်တို့သည် အခြား မည်သူများက အသက်ရှင်သန်ကျန်ရစ်သူများထံမှဖြစ်စေ၊ အသက်ရှင်သန်ကျန်ရစ်သူများနှင့်ပတ်သက်၍ဖြစ်စေ အချက်အလက်ကောက်ယူနေကြောင်းကိုလည်းကောင်း၊ မည်သည့်ရည်ရွယ်ချက်များဖြင့် ကောက်ယူနေကြကြောင်းကို လည်းကောင်း ရှာဖွေဖေါ်ထုတ်သွားမည်။ သို့မှသာ ကျွန်ုပ်တို့၏လုပ်ငန်းများသည် အမှန်တကယ်ဆောင်ရွက်ရန် လိုအပ် ခြင်းရှိမရှိကိုလည်းကောင်း၊ တန်ဖိုးမြှင့်တင်ပေးနိုင်သည့် အကျိုးကျေးဇူးဖြစ်စေခြင်း ရှိမရှိကိုလည်းကောင်း စဉ်းစားသုံးသပ်နိုင်မည်ဖြစ်သည်။ ထို့ပြင် ထိုသို့ဆောင်ရွက်ခြင်းသည် ညှိနှိုင်းဆောင်ရွက်မှုနှင့် ပူးပေါင်းလုပ်ဆောင်မှုတို့အတွက် အခြေခံအုတ်မြစ်တစ်ခုအဖြစ်လည်း အထောက်အကူဖြစ်စေသည်။

**၅.၆။ ရရှိနိုင်သောအကူအညီများအကြောင်း သိရှိအောင်ဆောင်ရွက်ပါ။** ။ကျွန်ုပ်တို့သည် ရှိနေသောဝန်ဆောင်မှုများ၊ စတင်ချိတ်ဆက်ဆောင်ရွက်ပေးသူများနှင့် အသက်ရှင်သန်ကျန်ရစ်သူအုပ်စုများ၊ (တရားဝင်ဖြစ်စေ၊ အလွတ်သဘော ဖြစ်စေ ရှိနေသည့်) အသက်ရှင်သန်ကျန်ရစ်သူများအရေး အကူအညီပေးသည့်အစုအဖွဲ့များ စသည်တို့ကို သိရှိအောင် ဖော်ထုတ်ရမည်။ ထိုသို့အနိမ့်ဆုံးအားဖြင့် ဖော်ထုတ်ရမည့်သူများတွင် ကျန်းမာရေးဆိုင်ရာ၊ လူမှုစိတ်ပိုင်းဆိုင်ရာ၊ အကာအကွယ်ပေးရေးဆိုင်ရာ၊ အသက်ရှင်သန်ကျန်ရစ်သူများအတွက် စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာနှင့် အခြားဥပဒေ ပိုင်းဆိုင်ရာဝန်ဆောင်မှုပေးသူများပါဝင်သည်။ အဆိုပါ အစုအဖွဲ့များနှင့် စတင်ချိတ်ဆက်ဆောင်ရွက်ပေးသူများစာရင်းကို ပြုစုထားပြီးသား (“mapping”) ရှိပါက ထိုစာရင်းကို ကျွန်ုပ်တို့ထည့်သွင်းစဉ်းစားသွားမည်။ ထို့နောက် ကျွန်ုပ် တို့သည် ထိုဝန်ဆောင်မှုများက မတူညီသော အသက်အရွယ်၊ မသန်စွမ်းမှုနှင့် ဂျန်ဒါ အမျိုးမျိုးရှိကြသည့် အသက် ရှင်သန်ကျန်ရစ်သူများအတွက် လက်လှမ်းမှီနိုင်မှု၊ လုံခြုံစိတ်ချမှု၊ လျှို့ဝှက်ထိန်းသိမ်းမှု၊ ထိရောက်မှုနှင့် သင့်လျော်မှု ရှိမရှိဆန်းစစ်သွားမည်။ ကျွန်ုပ်တို့သည် တတ်နိုင်သည့်အခါတိုင်း အသက်ရှင်သန်ကျန်ရစ်သူများ အကူအညီရရှိနိုင်ရန် အဟန့်အတားဖြစ်စေသည့်အရာများကို သတ်မှတ်ဖော်ထုတ်ပြီး လျော့နည်းအောင် ဆောင်ရွက်သွားမည်။

**၅.၇။ ညှိနှိုင်းပြီး ပူးပေါင်းလုပ်ဆောင်ပါ။** ။ကျွန်ုပ်တို့သည် တစ်စတစ်စ ပိုမိုများပြားလာသော ကျွန်ုပ်တို့လုပ်ငန်းများ၏ နောက်ဆက်တွဲသက်ရောက်မှုများကြောင့် ထပ်မံထိခိုက်နစ်နာစေမှု၊ အသက်ရှင်သန်ကျန်ရစ်သူများနှင့် အလွန်အကျွံ ထိတွေ့မှု၊ ၎င်းတို့၏အခွင့်အရေးများအပေါ် ဆိုးကျိုးသက်ရောက်မှု စသည့်အခြေအနေများဖြစ်ပေါ်နိုင်ကြောင်းနှင့် ထိုသို့မဖြစ်အောင် ကြိုတင်ကာကွယ်ရန် မတူညီသောကဏ္ဍအသီးသီးကြား ညှိနှိုင်းမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် အရေးကြီးကြောင်း လက်ခံအသိအမှတ်ပြုပါသည်။ ကျွန်ုပ်တို့သည် အန္တရာယ်ကင်းစွာ ပူးပေါင်းလုပ်ဆောင်နိုင် သည့် နည်းလမ်းများရှာဖွေရန်ဖြစ်စေ၊ တစ်ဦးနှင့်တစ်ဦး ဆောင်ရွက်နေသောလုပ်ငန်းများအပေါ် အပြန်အလှန်ထိခိုက်မှု ဖြစ်စေနိုင်သည့်အန္တရာယ်ကို လျော့ချနိုင်ရန်ဖြစ်စေ လူသားချင်းစာနာမှုလုပ်ငန်းများ ဆောင်ရွက်နေသည့်အစုအဖွဲ့များ နှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများအပါအဝင် ကျွန်ုပ်တို့နည်းတူ တူညီသောလုပ်ငန်းများ လုပ်ဆောင်နေသူများကို ဆက်သွယ်သွားပါမည်။

**၅.၈။ မျှော်လင့်မထားသော ဖွင့်ဟပြောဆိုမှုများအတွက် ကြိုတင်ပြင်ဆင်ပါ။** ။ကျွန်ုပ်တို့ ထင်မှတ်မထားသည့်အချိန် သို့မဟုတ် မေးမြန်းရန်မရည်ရွယ်ထားသည့်အချိန်တွင် တစ်စုံတစ်ယောက်သည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အကြောင်း ဖွင့်ဟပြောဆိုခြင်း ပြုလုပ်နိုင်သည်ကို ကျွန်ုပ်တို့နားလည်ပါသည်။ ကျွန်ုပ်တို့သည် ထိုဖြစ်နိုင်ခြေအတွက် ကြို တင်ပြင်ဆင်မှု ပြုလုပ်သွားပါမည်။

**၅.၉။ ထပ်မံဆက်သွယ်နိုင်အောင် ဆောင်ရွက်ပေးပါ။** ။နောက်ဆက်တွဲ လုံခြုံရေးစိုးရိမ်ပူပန်မှုများကို အသိပေးဝေမျှခြင်း၊ သဘောတူညီချက် ပြန်ရု ၁၃ ိသိမ်းခြင်း သို့မဟုတ် ထပ်မံအတည်ပြုခြင်းနှင့် တိုးတက်မှုများနှင့်ရလဒ်များ နှင့်ပတ် အသက်ရှင်သန်ကျန်ရစ်သူရှုထောင့်မှ ပြန်လည်မှတ်ချက်ပေးခြင်း စသည့်အကြောင်းများကြောင့် အသက်ရှင်သန်ကျန်ရစ်သူများနှင့် အချက်အလက်ကောက်ယူသူများအကြား အပြန်အလှန် ထိတွေ့ဆက်ဆံမှုများ ပြုလုပ်ပြီးသည့်နောက်ပိုင်းတွင်လည်း ၎င်းတို့ကြား ဆက်သွယ်မှုဆက်လက်ပြုလုပ်ရန် အလွန်အရေးကြီးနိုင်သည်ကို ကျွန်ုပ်တို့နားလည်ပါသည်။ ထိရောက်မှုနှင့် လုံခြုံမှုရှိသည့် ဆက်သွယ်ရေးနည်းလမ်းတစ်ခုထားရှိနိုင်အောင် ကျွန်ုပ်တို့ ကြိုးစားသွားပါမည်။ ကျွန်ုပ်တို့သည် အကယ်၍ ထိုသို့မပြုလုပ်နိုင်ပါက ဘာကြောင့်မလုပ်နိုင်ကြောင်းကို အသက် ရှင်သန်ကျန်ရစ်သူများနှင့် ကြိုတင်ဆွေးနွေးသွားပါမည်။ အသက်ရှင်သန် ၁၂ ူသည် ကလေးသူငယ်ဖြစ်ပါက ကျွန်ုပ်တို့သည် ၎င်း၏အုပ်ထိန်းသူနှင့် ဆက်သွယ်နိုင်ရန် သီးခြ င်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ထိုသို့လုပ်ဆောင်ရာတွင် တတ်နိုင်သည့်အခါတိုင်း ကလေးသူငယ်အကာအကွယ်ပေးရေးဆိုင်ရာ ကျွမ်းကျင်သူ၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်သွားပါမည်။

**၅.၁၀။ သင်၏အလုပ်အဖွဲ့နှင့် မိတ်ဖက်များကို ရှင်းလင်းတင်ပြထားပါ။** ။ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အလုပ်အဖွဲ့နှင့် (မိတ်ဖက်များအပါအဝင်) ကျွန်ုပ်တို့ကိုယ်စား ဆောင်ရွက်ပေးနေသူများကို ဤကျင့်ဝတ်စည်းမျဉ်းနှင့်အညီ လိုက်နာ ဆောင်ရွက်နိုင်ရေးအတွက် ကျွန်ုပ်တို့၏ ကြိုတင်ပြင်ဆင်ထားမှုများနှင့် ပတ်သက်၍လည်းကောင်း၊ လုံခြုံမှု၊ ကျင့်ဝတ်နှင့်ကိုက်ညီမှုနှင့်ထိရောက်မှုရှိသော လုပ်ငန်းစဉ်များနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြခြင်းနှင့်စောင့်ကြည့် စစ်ဆေးခြင်း ပြုလုပ်သွားပါမည်။

## အခြေခံမှု (၆) ဆက်စပ်အခြေအနေများကို သိရှိနားလည်အောင်ဆောင်ရွက်ပါ။

**၆.၁။ ဆက်စပ်အခြေအနေကို သိရှိအောင်ဆောင်ရွက်ပါ။** ။ကျွန်ုပ်တို့၏အလုပ်အဖွဲ့နှင့် ကျွန်ုပ်တို့ကိုယ်စား ဆောင်ရွက် နေသူများသည် ၎င်းတို့၏လုပ်ငန်းများကိုဆောင်ရွက်ရာတွင် SCRSV ဖြစ်စဉ်ဖြစ်ပွားခဲ့သော နောက်ခံအခြေအနေနှင့် အသက်ရှင်သန်ကျန်ရစ်သူများနှင့် တိုက်ရိုက်ထိစပ်နေသည့် ပတ်ဝန်းကျင်အခြေအနေကို ကောင်းစွာနားလည်မှုအပေါ် တွင် အခြေခံ၍ လုပ်ဆောင်ခြင်းဖြစ်စေရန် ကျွန်ုပ်တို့အနေဖြင့် အခိုင်အမာဆောင်ရွက်သွားမည်။ ဤအခြေခံမှုထဲတွင် ပါရှိသည့် အကြောင်းကိစ္စများက အသက်ရှင်သန်ကျန်ရစ်သူများ၊ ၎င်းတို့၏မိသားစုများ၊ ၎င်းတို့၏အသိုင်းအဝိုင်းများနှင့် ကျွန်ုပ်တို့၏လုပ်ဆောင်မှုတို့အပေါ် ကောင်းကျိုးဖြစ်စေ၊ ဆိုးကျိုးဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကျရောက်စေနိုင်သော သက်ရောက်မှုများကို ကျွန်ုပ်တို့ဖော်ထုတ်သွားမည်။ ထို့ပြင် ကျွန်ုပ်တို့၏ ကြိုတင်ပြင်ဆင်မှုများ နှင့် လုပ်ငန်းအကောင်အထည်ဖော်မှုများသည် ထိုသို့ရရှိလာသောသိရှိနားလည်မှုအပေါ် အခြေခံမှုရှိစေရန် အခိုင်အမာ ဆောင်ရွက်သွားမည်။

**၆.၂။ ရိုးရာယဉ်ကျေးမှုကို နားလည်အောင်ဆောင်ရွက်ပါ။** ။ကျွန်ုပ်တို့သည် သက်ဆိုင်ရာ ယဉ်ကျေးမှုနှင့် လူမှုရေးစံနှုန်း များ၊ သဘောထားအမြင်များ၊ ရိုးရာဓလေ့၊ ထုံးတမ်းနှင့် အစဉ်အလာများအပြင် ကလေးသူငယ်များအပေါ်ရှုမြင်ပုံ၊ ၎င်းတို့၏ဆုံးဖြတ်ချက်ချမှတ်ပုံနှင့် အရွယ်ရောက်သူအဖြစ် သတ်မှတ်ထားသည့်အသက်အရွယ် စသည်တို့ကိုပါ သိရှိအောင် ဖော်ထုတ်သွားမည်။

**၆.၃။ ဂျဲန်ဒါအကြောင်း နားလည်အောင်ဆောင်ရွက်ပါ။** ။ဂျဲန်ဒါနှင့်ပတ်သက်သော အခင်းအကျင်းများ၊ စံနှုန်းများ၊ အ ကြမ်းဖက်မှုနှင့် မမျှတမှုများကို ဆန်းစစ်မှုများပြုလုပ်ပြီး ၎င်းတို့သည် ထပ်မံထိခိုက်နစ်နာစေခြင်း ဖြစ်စေနိုင်သည့် အန္တရာယ် မည်သို့ဖန်တီးကြောင်းကိုလည်းကောင်း၊ အသက်ရှင်သန်ကျန်ရစ်သူများကို အကူအညီပေးရာတွင် ဖြစ်စေ၊ ၎င်းတို့၏ အခြားအခွင့်အရေးများအပေါ် ဖြစ်စေ အတားအဆီးများ မည်သို့ဖန်တီးနိုင်ကြောင်းကိုလည်းကောင်း နားလည်အောင် ကျွန်ုပ်တို့ဆောင်ရွက်သွားမည်။

**၆.၄။ SCRSV နှင့်ပတ်သက်၍ဖြစ်စေ အသက်ရှင်သန်ကျန်ရစ်သူများနှင့်ပတ်သက်၍ဖြစ်စေ ခွဲခြားသည့်ကဲ့ရဲ့မှုများကို နားလည်အောင် ဆောင်ရွက်ပါ။** ။ကျွန်ုပ်တို့သည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်ပတ်သက်၍ဖြစ်စေ အသက်ရှင် သန်ကျန်ရစ်သူများနှင့်ပတ်သက်၍ဖြစ်စေ လူမှုအသိုင်းအဝိုင်းအတွင်းရှိနေသော (“လူမှုရေးအရ နိမ်ချ၊ဆက်ဆံမှုများ” ဟုခေါ်သော) ထိခိုက်မှုဖြစ်စေသည့် နားလည်မှုအလွဲများ၊ ထင်မြင်ယူဆချက်များ၊ ... ထားများနှင့် အပြုအမူများကို ဖော်ထုတ်ခြင်း၊ အန္တရာယ်ဆန်းစစ်ချက်ပြုလုပ်ခြင်း၊ လျော့ချခြင်း ...ကြ်သွားမည်။

**၆.၅။ လူမှုအသိုင်းအဝိုင်းအတွင်းရှိ အခင်းအကျင်းကို သိရှိအောင်ဖော်ထုတ်ပါ။** ။အသက်ရှင်သန်ကျန်ရစ်သူများနှင့် ၎င်းတို့၏ မိသားစုများကို နှုတ်ဆိတ်မှု၊ ဖိအားပေးမှု သို့မဟုတ် ထိခိုက်နစ်နာမှု ဖြစ်စေသည့် အာဏာဖွဲ့စည်းမှုပုံစံများ၊ အရင်းအမြစ်အတွက် ပြိုင်ဆိုင်မှုများ၊ တရားမျှတမှုကို နိုင်ငံရေးအသွင်ဖန်တီးမှုများ၊ ကြားခံအကျိုးဆောင်များ၏ တွန်း အားပေးမှုများ၊ (အသက်ရှင်သန်ကျန်ရစ်သူများနှင့် ထိတွေ့ဆက်သွယ်နိုင်ရေးကိစ္စအပေါ် လွှမ်းမိုးမှုရှိသူများ သို့မဟုတ် ထိန်းချုပ်ထားသူများ ဖြစ်သည့်) တံခါးစောင့်များ၊ အားပေးတိုက်တွန်းမှုများ၊ စေ့ဆော်မှုဖြစ်စေသည့် အကြောင်းတရား များ စသည့်အသက်ရှင်သန်ကျန်ရစ်သူများနှင့် ဆက်စပ်နေသော အစုအဖွဲ့များအတွင်းရှိ အခင်းအကျင်းများကို ကျွန်ုပ် တို့အနေဖြင့် လေ့လာသုံးသပ်မှု ပြုလုပ်သွားမည်။

**၆.၆။ တစ်ဦးချင်းအပေါ် ဖြစ်စေ၊ အုပ်စုလိုက်အပေါ် ဖြစ်စေ၊ အကြောင်းအရာပေါင်းစုံအလိုက်ဖြစ်စေ ကျရောက်နိုင်သော ထိခိုက်နစ်နာမှုများကို အသိအမှတ်ပြုပါ။** ။SCRSV ကြောင့် တစ်ဦးချင်းအပေါ် ဖြစ်စေ၊ မိသားစုများနှင့် ရပ်ရွာအသိုင်းအဝိုင်းများကဲ့သို့ အစုအဖွဲ့များအပေါ် ဖြစ်စေ သက်ရောက်လာသည့် အပြန်အလှန်ချိတ်ဆက်နေသော ထိခိုက်နစ်နာမှုအမျိုးမျိုးနှင့် ပတ်သက်၍လည်းကောင်း၊ ထိုထိခိုက်နစ်နာမှုများသည် ခွဲခြားဆက်ဆံမှုပုံစံအမျိုးမျိုး ကြောင့် မည်သို့ထုထည်ပိုမိုကြီးမားလာကြောင်းကိုလည်းကောင်း ကျွန်ုပ်တို့လေ့လာသုံးသပ်သွားမည်။[၆]

**၆.၇။ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိအောင် ဆောင်ရွက်ပါ။** ။ကျွန်ုပ်တို့သည် (ဓလေ့ထုံးတမ်း ဥပဒေများအပါအဝင်) တရားဝင်ဖြစ်စေ၊ အလွတ်သဘောအရဖြစ်စေ ရှိနေသည့် သက်ဆိုင်ရာဥပဒေများ၊ လုပ်ထုံး လုပ်နည်းများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိအောင် ဆောင်ရွက်သွားမည်။ ထိုဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများသည် အသက်ရှင်သန်ကျန်ရစ်သူများအတွက် ဥပဒေအထောက်အကူရရှိအောင် နည်းလမ်းများပေးခြင်း၊ ခွဲခြားဆက်ဆံခြင်း သို့မဟုတ်

ခွဲခြားဆက်ဆံခြင်းကို အားပေးခြင်း၊ အသက်ရှင်သန်ကျန်ရစ်သူတစ်ဦးကို ဖြစ်ခဲ့သည့်ကိစ္စများအတွက် အရေးယူခြင်း၊ အသက်ရှင်သန်ကျန်ရစ်သူကို ပြစ်မှုကျူးလွန်ခံရသူအဖြစ် အသိအမှတ်ပြုရန်ပျက်ကွက်ခြင်း၊ သို့မဟုတ် အာဏာပိုင်များထံသို့ ပြစ်မှုဆိုင်ရာဖြစ်စဉ်အကြောင်း အစီရင်ခံတင်ပြရန် ကျွန်ုပ်တို့ကို ဥပဒေအရတာဝန်ရှိစေခြင်း စသည်တို့ဖြစ်ပေါ်စေနိုင်သည်။ ကျွန်ုပ်တို့သည် အသက်ရှင်သန်ကျန်ရစ်သူများက ၎င်းတို့၏အတွေ့အကြုံများကို မဝေမျှမီ ဤအကြောင်းအရာများကို ၎င်းတို့နှင့် ဆွေးနွေးတိုင်ပင်သွားမည်။ သို့မှသာ ၎င်းတို့သည် ဝေမျှခြင်း ပြုသင့်၊မပြု သင့်ကိုလည်းကောင်း၊ မည်သည့်ပုံစံဖြင့် ပြုလုပ်လိုသည်ကိုလည်းကောင်း စဉ်းစားဆုံးဖြတ်နိုင်မည်ဖြစ်သည်။

**၆.၈။ သင့်လျော်သည့် ဆက်သွယ်မှုနှင့် ထိတွေ့ဆက်ဆံမှုပုံစံများကို နားလည်အောင်ဆောင်ရွက်ပါ။** ။ကျွန်ုပ်တို့သည် အခြေအနေတစ်ခုအတွင်း ကျွန်ုပ်တို့ပြုလုပ်သော ဆက်သွယ်မှုနှင့် ထိတွေ့ဆက်ဆံမှုပုံစံအားလုံး၏ အရေးပါမှုနှင့် သက် ရောက်မှုများကို နားလည်အောင်ဆောင်ရွက်ကာ ဂျန်ဒါ၊ အသက်အရွယ်၊ မသန်စွမ်းမှု၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ဆက်စပ် အခြေအနေ စသည်တို့ကို ထည့်သွင်းစဉ်းစားမှုနှင့် လေးစားမှုရှိသည့်ပုံစံဖြင့် အခိုင်အမာဆောင်ရွက်သွားမည်။ ကျွန်ုပ် တို့သည် အသက်ရှင်သန်ကျန်ရစ်သူများ၏ ကိုယ်ပိုင်ဝိသေသလက္ခဏာများကို ထပ်ဟပ်စေသည့် အများပါဝင်နိုင်ပြီး ထိခိုက်မှုမရှိသော ဆက်သွယ်မှုပုံစံများကို သိရှိအောင်ဖော်ထုတ်၍ အသုံးပြုသွားမည်ဖြစ်ပြီး ထိခိုက်မှုနစ်နာမှု ဖြစ်စေခြင်းမရှိသော လူမှုရေးစံနှုန်းများနှင့် အလေ့အထများကို လေးစားသွားမည်။ ကျွန်ုပ်တို့သည် SCRSV နှင့် အသက်ရှင်သန် ကျန်ရစ်သူတို့နှင့် ပတ်သက်သော အမူအကျင့်များ၊ ကဲ့ရဲ့သည့်အသုံးအနှုန်းများ၊ ဆိုရိုးစကားများ၊ ယဉ်ကျေးစွာပြောဆို ပုံများနှင့် ဘာသာစကားအရ အဓိပ္ပါယ်ကွာဟချက်များအပါအဝင် ဆက်သွယ်ရေးနှင့် ပတ်သက်သည့် ယဉ်ကျေးမှုဆိုင်ရာ ရှုထောင့်များနှင့် အခြားရှုထောင့်များကို နားလည်အောင်ကြိုးစားသွားမည်။

**၆.၉။ နောက်ဆက်တွဲဆိုးကျိုးများကို လျော့ချခြင်း။** ။ကျွန်ုပ်တို့၏လုပ်ငန်းကြောင့် လူမှုအသိုင်းအဝိုင်းတစ်ခုအတွင်း ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများကို ဖော်ထုတ်ပြီး တတ်နိုင်သမျှလျော့နည်းအောင် ကျွန်ုပ်တို့ဆောင် ရွက်သွားမည်။

**၆.၁၀။ ရပ်ရွာအခြေပြု ရေရှည်တည်မြဲသော ထောက်ပံ့ကူညီမှု။** ။အသက်ရှင်သန်ကျန်ရစ်သူများကို စဉ်ဆက်မပြတ် ပံ့ပိုးကူညီခြင်း၊ ယုံ[illegible]က်ချရသော ဆက်ဆံရေးတည်ဆောက်ခြင်း၊ အသက်ရှင်သန်ကျန်ရစ်သူများကို အားပေးမြှင့်[illegible]ခြင်းနှင့် အသက်ရှင်သန်ကျန်ရစ်သူများအပေါ် လူမှုအသိုင်းအဝိုင်းက အဆိုးမြင်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်း စသည်တို့ကိုဆောင်ရွက်ရန် ယုံကြည်စိတ်ချရသော ရပ်ရွာအခြေပြုအစုအဖွဲ့များနှင့် ပံ့ပိုးကူညီရေးစနစ်များ၏ အခန်း ကဏ္ဍသည် အရေးပါမှုရှိသည်ကို ကျွန်ုပ်တို့အသိအမှတ်ပြုပါသည်။ ထိုအစုအဖွဲ့များတွင် အသက်ရှင်သန်ကျန်ရစ်သူများ၏ကွန်ရက်များ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ လိင်စိတ်ခံယူမှုကွဲပြားသူ (LGBTQI+) အဖွဲ့အစည်းများ၊ ကလေး သူငယ်ရေးရာအဖွဲ့အစည်းများ၊ မသန်စွမ်းသူများအတွက်အဖွဲ့အစည်းများ စသည်တို့ပါဝင်သည်။ သင့်လျော်သည့်အခါ တိုင်း ကျွန်ုပ်တို့သည် ဤအစုအဖွဲ့များနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းသွားမည်။

## အခြေခံမှု (၇) လိုအပ်သော စနစ်များ၊ တက်ကျွမ်းမှုများနှင့် အကူအညီများကို တည်ဆောက်ထားပါ။

**၇.၁။ အဖွဲ့အစည်းတာဝန်များနှင့် ပံ့ပိုးကူညီမှုများ။** ။ကျွန်ုပ်တို့သည် ဤလုပ်ငန်းကို တစ်ဦးတည်းပြုလုပ်နေခြင်း မဟုတ်ကြောင်း လက်ခံအသိအမှတ်ပြုသည်။ ကျွန်ုပ်တို့အများစုသည် အဖွဲ့အစည်းများအတွင်း သို့မဟုတ် အဖွဲ့အစည်း များအတွက် အလုပ်လုပ်နေကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အဖွဲ့အစည်းအတွင်းတွင် အတိုင်ပင်ခံ ဝန်ဆောင်မှုငှားရမ်း ဆောင်ရွက်ခြင်းကိစ္စများအပါအဝင် ခေါင်းဆောင်မှုနှင့် ကတိကဝတ်များ၊ မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် စွမ်းအင်ရင်းမြစ်များ အသုံးပြု၍ ဤစည်းမျဉ်းပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်သွားပါမည်။

**၇.၂။ ကိုယ်ပိုင်တာဝန်ခံမှုရှိသူများအဖြစ် ဆောင်ရွက်ပါ။** ။ကျွန်ုပ်တို့သည် အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုမရှိဘဲ တစ်သီး ပုဂ္ဂလ လုပ်ကိုင်ရသောအခါ ကျွန်ုပ်တို့၏လုပ်ငန်းများသည် ရှိပြီးသား လုံခြုံစိတ်ချရသော အကူအညီပေးရေးစနစ်များ နှင့် အခြေခံအဆောက်အအုံများ၊ ဤကျင့်ဝတ်စည်းမျဉ်းများအတိုင်း ကျွန်ုပ်တို့နည်းတူ လိုက်နာဆောင်ရွက်နေကြသည့် ပုဂ္ဂိုလ်များနှင့် မိတ်ဖက်များ စသည်တို့ထံမှ ပံ့ပိုးမှုရရှိနိုင်အောင် အခိုင်အမာဆောင်ရွက်သွားမည်။

**၇.၃။ မှန်ကန်သော အလုပ်အဖွဲ့နှင့် မိတ်ဖက်များကို ရွေးချယ်ပါ။** ။ကျွန်ုပ်တို့သည် (စကားပြန်များ၊ ကြားခံအကျိုး ဆောင်များ၊ လမ်းညွှန်များ၊ စီစဉ်သူများ အစရှိသူများ ပါဝင်သည့်) အလုပ်အဖွဲ့တစ်ခုကို ဖွဲ့စည်းပြီး ကျွန်ုပ်တို့နည်းတူ ဤ ကျင့်ဝတ်စည်းမျဉ်းနှင့်အညီ လိုက်နာဆောင်ရွက်ကြသော မိတ်ဖက်များနှင့် ကျွန်ုပ်တို့ကိုယ်စားဆောင်ရွက်သော အခြား သူများကို ရွေးချယ်သွားမည်။ ကျွန်ုပ်တို့သည် ထိုရွေးချယ်မှုများပြုလုပ်ရာတွင် ကွဲပြားစုံလင်မှု၊ ကိုယ်စားပြုမှု၊ လျှို့ဝှက် ထိန်းသိမ်းမှု၊ လုံခြုံမှုနှင့် ပြင်ဆင်မွမ်းမံမှုပြုလုပ်နိုင်စွမ်း စသည့်ကိစ္စရပ်များအပေါ် သက်ရောက်မှုများကိုလည်း ထည့်သွင်းစဉ်းစားသွားပါမည်။

**၇.၄။ မှန်ကန်သည့် စွမ်းဆောင်ရည်ရှိလာအောင် တည်ဆောက်ပါ။** ။ကျွန်ုပ်တို့အဖွဲ့အတွင်းတွင် လိုအပ်သည့် အသိ ပညာ၊ ခိုင်မာသည့် လက်တွေ့ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများရှိမှသာ ဤလုပ်ငန်းကို လုပ်ဆောင်သွားမည် ဖြစ် သည်။ အဆိုပါ စွမ်းဆောင်ရည်များတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် လူမှုရေးအရ နှိမ့်ချဆက်ဆံမှုများအကြောင်း နားလည်တုံ့ပြန်နိုင်စွမ်းရှိခြင်း၊ ဂျဲန်ဒါကွဲပြားစုံလင်မှုနှင့် နောက်ခံအခင်းအကျင်းကို နားလည်ခြင်း၊ ဂျဲန်ဒါ မသန်စွမ်းမှုနှင့် အသက်အရွယ်အပိုင်းအခြား အမျိုးမျိုးရှိသူများနှင့် လက်တွဲအလုပ်လုပ်နိုင်ခြင်း၊ ကျိုးကြောင်းနားလည်မှုအပေါ် အခြေ ခံသည့် သဘောတူညီချက်ရယူခြင်းနှင့် ဝန်ဆောင်မှုလွှဲပြောင်းရေးအတွက် အခြေခံကျွမ်းကျင်မှုများရှိခြင်း၊ အန္တရာယ် ဖြစ်နိုင်ခြေကိုသိရှိခြင်း၊ ကလေးသူငယ်များနှင့် အင်တာဗျူးခြင်းနှင့် အဝေးမှအင်တာဗျူးခြင်းအပါအဝင် လုံခြုံစွာဆက် သွယ်ပြောဆိုခြင်းနှင့်အင်တာဗျူးခြင်းအတွက် ကျွမ်းကျင်မှုရှိခြင်း၊ စိတ်ဒဏ်ရာအကြောင်းသိရှိနားလည်ခြင်း၊ သတင်း အချက်အလက်ကာကွယ်ခြင်းနှင့်ထိန်းသိမ်းခြင်း ဆောင်ရွက်နိုင်စွမ်းရှိခြင်း စသည်တို့ပါဝင်သည်။ ကျွန်ုပ်တို့မျှော်လင့် ထားသော ရည်ရွယ်ချက်အတွက် ဤလုပ်ငန်းများကို လုံခြုံမှုနှင့်ထိရောက်မှုရှိစွာ ဆောင်ရွက်နိုင်စွမ်းရှိစေသည့် ကျွမ်း ကျင်မှုများနှင့် အသိပညာများကို အချိန်ကာလနှင့်အညီ အမြဲမွမ်းမံသွားမည်။

**၇.၅။ ကျွန်ုပ်တို့၏ ဆောင်ရွက်နိုင်စွမ်းအကန့်အသတ်များကို လက်ခံအသိအမှတ်ပြုပါ။** ။လူတိုင်းတွင် ၎င်းတို့၏ အခန်းကဏ္ဍ သို့မဟုတ် လုပ်ပိုင်ခွင့်အရ ကန့်သတ်ချက်များရှိသလို ၎င်းတို့၏ အတွေ့အကြုံ၊ ကျွမ်းကျင်ပိုင်နိုင်မှု၊ ရှုမြင်ပုံ များအရလည်း အကန့်အသတ်များရှိကြောင်း ကျွန်ုပ်တို့အသိအမှတ်ပြုသည်။ ကျွန်ုပ်တို့သည် မိမိတွင်ရှိသော အသိပညာ၊ ကျွမ်းကျင်မှုနှင့် နားလည်မှု အကန့်အသတ်များကို ရိုးသားစွာပြန်လည်သုံးသပ်ကာ ထိုဘောင်များအတ[illegible] ဆောင်ရွက်သွားမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိဆောင်ရွက်နိုင်စွမ်းထက် ကျော်လွန်သည့်ကိစ္[illegible]စ်ပါက စိတ် ဒဏ်ရာအရေး၊ လုံခြုံရေးနှင့် ကလေးသူငယ်အရေး ကျွမ်းကျင်သူများကဲ့သို့ အခြားပုဂ္ဂိုလ်များနှင့် တိုင်ပင်ဆောင်ရွက် သွားမည်။

**၇.၆။ အသက်ရှင်သန်ကျန်ရစ်သူ ကလေးသူငယ်များနှင့် တွေ့ဆုံမေးမြန်းခြင်း။** ။လုံခြုံမှုနှင့် ထိရောက်မှုမရှိဘဲ ကလေး သူငယ်များနှင့် တွေ့ဆုံမေးမြန်းခြင်းသည် ပိုမိုကြီးမားသည့် အန္တရာယ်အလားအလာများ ဖြစ်ပေါ်စေနိုင်သောကြောင့် ကျွန်ုပ်တို့သည် ကလေးသူငယ်များနှင့် လက်တွဲအလုပ်လုပ်ရာတွင် (၎င်းတို့၏ အသက်အရွယ်၊ ဖွံ့ဖြိုးပြောင်းလဲနေသည့် စွမ်းဆောင်ရည်များ၊ အရည်အချင်းများ၊ ဂျဲန်ဒါ၊ လိုအပ်ချက်များ စသည်တို့နှင့် ကိုက်ညီမှုရှိသည့်ပုံစံဖြင့်) ဆောင်ရွက် နိုင်ရန်လိုအပ်သည့် ခိုင်မာသော စွမ်းရည်ပြည့်ဝမှု၊ တတ်ကျွမ်းမှုများနှင့် အတွေ့အကြုံများ ပိုင်ဆိုင်အသုံးချနိုင်မှသာလျှင် အသက်ရှင်သန်ကျန်ရစ်သူကလေးသူငယ်များကို တွေ့ဆုံမေးမြန်းသွားမည်ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့၏အလုပ် အဖွဲ့တွင် အဆိုပါစွမ်းဆောင်ရည်များမရှိပါက ကျွန်ုပ်တို့၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ခြင်း သို့မဟုတ် စွမ်းရည်ရှိသော အခြားသူများကို ရှာဖွေဖော်ထုတ်ခြင်း ပြုလုပ်သွားမည်။ သို့မှသာ ပူးပေါင်းပါဝင်လိုသော ကလေးသူငယ်များသည် ဘေးကင်းလုံခြုံမှုနှင့် ထိရောက်မှုရှိစွာ ပါဝင်နိုင်မည်ဖြစ်သည်။

**၇.၇။ သင့်လျော်သော ပံ့ပိုးကူညီမှုရအောင် အခိုင်အမာဆောင်ရွက်ပါ။** ။အသက်ရှင်သန်ကျန်ရစ်သူများ၏ လိုအပ်ချက် များနှင့်အညီ တုန့်ပြန်ဆောင်ရွက်နိုင်ရန် သင့်လျော်ပြီး အများလက်လှမ်းမှီနိုင်သည့် ပံ့ပိုးကူညီမှုများ ပြင်ဆင်ထားပြီး မှသာ ကျွန်ုပ်တို့၏ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုအရာများတွင် ကျန်းမာရေးဆိုင်ရာ၊ လူမှုစိတ်ပိုင်းဆိုင်ရာ၊ အကာအကွယ်ပေးရေးဆိုင်ရာနှင့် ဥပဒေရေးရာ အကူအညီများပါဝင်သည်။ ကျွန်ုပ်တို့သည် ဤ ရွေးချယ်စရာများနှင့် ပတ်သက်၍ အသက်ရှင်သန်ကျန်ရစ်သူများနှင့် ဆွေးနွေးတိုင်ပင်သွားမည်ဖြစ်ပြီး ၎င်းတို့ဆန္ဒရှိပါက ဘေးကင်းလုံခြုံစွာ လွှဲပြောင်းမှု ပြုလုပ်ပေးသွားမည်။ အကယ်၍ ထိုလိုအပ်ချက်များသည် အလွန်စိုးရိမ်ဖွယ်ရာ ကိစ္စများဖြစ်ပါက ကျွန်ုပ်တို့သည် လုပ်ငန်းများမစမီ အကူအညီရရှိနိုင်ရေးနှင့် လွှဲပြောင်းမှုပြုလုပ်နိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်သွားမည်။ ကျွန်ုပ်တို့သည် အရေးပေါ်အကူအညီများ ရယူနိုင်သည့် ရှင်းလင်းတိကျသော အစီအစဉ် တစ်ခု ကြိုတင်ပြင်ဆင်ထားပြီး ထိုအကူအညီများကို အသက်ရှင်သန်ကျန်ရစ်သူများနှင့် ထိတွေ့ဆက်ဆံမှု မပြုလုပ်မီ၊ ပြုလုပ်နေစဉ် သို့မဟုတ် ပြုလုပ်ပြီးနောက်တွင် ရယူနိုင်အောင် ဆောင်ရွက်သွားမည်။

**၇.၈။ လျှို့ဝှက်ထိန်းသိမ်းရမည့်အရာများအတွက် အကာအကွယ်များ တည်ဆောက်ထားပါ။** ။ကျွန်ုပ်တို့သည် အသက်ရှင်သန်ကျန်ရစ်သူများ၏ သတင်းအချက်အလက်များ၊ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်နှင့် လုံခြုံရေးတို့ကို ကာကွယ်ရန် လျှို့ဝှက်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အစီအစဉ်များ ချမှတ်သွားမည်။ ထို့ပြင် ဒစ်ဂျစ်တယ် ဆက်သွယ်ရေး၊ အချက်အလက်စီမံခန့်ခွဲမှုနှင့် သိမ်းဆည်းမှု စသည့်လုပ်ငန်းများအတွက် လုံခြုံမှုရှိစေရန်လည်း အထူး သတိပြု လုပ်ဆောင်သွားမည်။

**၇.၉။ ရေရှည်ဆောင်ရွက်ခြင်းနှင့် တစ်သမတ်တည်းဆောင်ရွက်ခြင်း။** ။ကျွန်ုပ်တို့သည် လူပုဂ္ဂိုလ်တစ်ဦးတည်းကသာ အသက်ရှင်သန်ကျန်ရစ်သူများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းဖြစ်စေရန် အခိုင်အမာဆောင်ရွက်သွားမည်။ သို့မှသာ ယုံကြည်မှုနှင့် စိတ်သက်သာရာရမှု မြဲစေမည်ဖြစ်ပြီး ဆက်သွယ်ဆောင်ရွက်သည့်ပုဂ္ဂိုလ် အပြောင်းအလဲကြောင့် ဖြစ်ပေါ်နိုင်သော ဖြစ်နိုင်ခြေအန္တရာယ်များကိုလည်း လျော့ချနိုင်မည်ဖြစ်သည်။ လူစားထိုးပေးရန် သို့မဟုတ် ဆက်သွယ် ရေးတာဝန်ခံ ပြောင်းလဲပေးရန် အသက်ရှင်သန်ကျန်ရစ်သူတို့၏ တောင်းဆိုချက်နှင့်ပတ်သက်၍ ၎င်းတို့နှင့် ဆွေးနွေး တိုင်ပင်မည်ဖြစ်ပြီး ၎င်းတို့၏ တောင်းဆိုချက်များကို လေးစားအသိအမှတ်ပြုသွားမည်။

**၇.၁၀။ တစ်ဆင့်ခံစိတ်ဒဏ်ရာ ဖြစ်နိုင်ခြေအန္တရာယ်အတွက် ပြင်ဆင်မှုများပြုလုပ်ထားပါ။** ။ကျွန်ုပ်တို့အပေါ် ဖြစ်စေ၊ ကျွန်ုပ်တို့၏ အလုပ်အဖွဲ့အပေါ် ဖြစ်စေ အခြားသော အကျိုးသက်ရောက်ခံစားရသူများအပေါ် ဖြစ်စေ ကျွန်ုပ်တို့ဆောင် ရွက်သောလုပ်ငန်း၏ ဆိုးကျိုးသက်ရောက်မှုများကို လျော့ချရေးနိုင်ရေးအတွက် အစီအမံများ အခိုင်အမာ ချမှတ်ဆောင်ရွက်သွားမည်။ ကျွန်ုပ်တို့သည် စိတ်ဒဏ်ရာ၏လက္ခဏာများ၊ တစ်ဆင့်ခံစိတ်ဒဏ်ရာများ၊ စာနာမှုကြောင့် ဖြစ်သောနွမ်းနယ်မှုများနှင့် ခြေကုန်လက်ပန်းကျမှုများ စသည့်အကြောင်းအရာများနှင့်ပတ်သက်၍ အခြေခံသင်တန်း ပေးနိုင်ရန် အခိုင်အမာဆောင်ရွက်သွားမည်ဖြစ်ပြီး အဖွဲ့အစည်းနှင့်အလုပ်အဖွဲ့ထံမှ အကူအညီရယူခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့် ဘေးကင်းလုံခြုံစွာဆောင်ရွက်ခြင်းဆိုင်ရာ နည်းစနစ်များရှိထားအောင် အခိုင်အမာဆောင်ရွက်သွား မည်။ ကျွန်ုပ်တို့သည် အဝေးမှနေ၍အလုပ်လုပ်သူများအပါအဝင် အလုပ်အဖွဲ့ပြင်ပ သို့မဟုတ် ရုံးပတ်ဝန်းကျင်ပြင်ပတွင် အလုပ်လုပ်ကြသူများအတွက်လည်း ဤဖြစ်နိုင်ခြေအန္တရာယ်များကို ကိုင်တွယ်နိုင်မည့်အစီအမံများ ထည့်သွင်း ဆောင်ရွက်သွားပါမည်။

**အကောင်အထည်ဖော်ရေးဆိုင်ရာ အခြေခံမူများ**

ဤအခြေခံမူများကို အချက်အလက် စတင်ကောက်ယူသည့် အချိန်မှစ၍ လိုက်နာကျင့်သုံးသင့်သည်။
သို့သော် ၎င်းတို့ကို အခြားသောအခြေခံမူများအားလုံးနှင့် မဖြစ်မနေတွဲဖက်၍ ဖတ်ရှုရမည်။

## အခြေခံမူ (၈) အခြားသတင်းအရင်းအမြစ်များမှ အချက်အလက်ကောက်ယူပါ။

**၈.၁။ အသက်ရှင်သန်ကျန်ရစ်သူများထံမှ ရယူထားခြင်းမဟုတ်သည့် သို့မဟုတ် အသက်ရှင်သန်ကျန်ရစ်သူများ အကြောင်း မဟုတ်သည့် SCRSV အချက်အလက်များကိုရှာဖွေပါ။** ။SCRSV နှင့်ပတ်သက်သည့် အသုံးဝင်သည့် အချက် အလက်များသည် အသက်ရှင်သန်ကျန်ရစ်သူများထံမှ ရယူထားခြင်း သို့မဟုတ် အသက်ရှင်သန်ကျန်ရစ်သူများ အကြောင်း ဖော်ပြထားခြင်း အမြဲဖြစ်မနေကြောင်းကို ကျွန်ုပ်တို့အသိအမှတ်ပြုသည်။ ဤသို့သော SCRSV အချက် အလက်များကို (ကိန်းဂဏန်းအချက်အလက်များ၊ ပညာရှင်အစီရင်ခံစာများ သို့မဟုတ် သုံးသပ်ချက်များ၊ ကျူးလွန်သူ တို့၏ အချက်အလက်များ စသည့်) အခြားအရင်းအမြစ်များမှ စုဆောင်းခြင်းနှင့် အသုံးပြုခြင်း ပြုလုပ်နိုင်အောင် ကြိုး ပမ်းသွားမည်။ ဤအချက်အလက်များသည် အသက်ရှင်သန်ကျန်ရစ်သူများအပေါ် အန္တရာယ်ကျရောက်နိုင်ခြေ လျော့ နည်းစေပြီး အသက်ရှင်သန်ကျန်ရစ်သူ အချက်အလက်များအပေါ် အလွန်အကျွံအမှီအခိုပြုခြင်းကို လျော့ချနိုင်သည်။

**၈.၂။ တစ်ဆင့်ခံသတင်းအချက်အလက်များ အသုံးပြုပါ။** ။ကျွန်ုပ်တို့ကိုယ်တိုင်နှင့် ကျွန်ုပ်တို့ရှာဖွေသည့် အချက် အလက်များ၊ ရှာဖွေသည့်နည်းလမ်းများ၊ ရှာဖွေသည့်နေရာများ စသည်တို့သည် ကျွန်ုပ်တို့ရှာဖွေရရှိသည့် အချက် အလက်များအတွင်း မကောင်းသောဘက်လိုက်မှုများနှင့် လစ်ဟာမှုများ ပါဝင်သွားစေနိုင်ကြောင်း ကျွန်ုပ်တို့အသိ အမှတ်ပြုပါသည်။ ထို့ပြင် ဆင်ဆာဖြတ်တောက်မှုများ၊ မညီမျှမှုများ၊ လူမှုရေးအရဖယ်ကြဉ်မှုများ၊ မလုံခြုံမှုများနှင့် နည်းပညာဆိုင်ရာကိစ္စရပ်များ စသည့်အကြောင်းတရားများကြောင့် သတင်းအချက်အလက် ရရှိနိုင်မှုနည်းပါးကာ အလားတူဘက်လိုက်မှုအမြင်များ ဖြစ်ပေါ်စေနိုင်ကြောင်း ကျွန်ုပ်တို့အသိအမှတ်ပြုပါသည်။ ဤဖြစ်နိုင်ခြေအန္တရာယ် များကို လျော့ချနိုင်ရန် ကျွန်ုပ်တို့ကြိုးပမ်းသွားမည်။

**၈.၃။ တစ်ဆင့်ခံအချက်အလက်များနှင့် စပ်လျဉ်းသည့် အခွင့်အရေးများနှင့် ဖြစ်နိုင်ခြေအန္တရာယ်များကို နားလည် လက်ခံပါ။** ။ကျွန်ုပ်တို့သည် အသက်ရှင်သန်ကျန်ရစ်သူများထံမှ သို့မဟုတ် အသက်ရှင်သန်ကျန်ရစ်သူများ၏ အကြောင်း တစ်ဆင့်ခံအချက်အလက်များကို စုဆောင်းခြင်း၊ လက်ခံရယူခြင်းနှင့် ပြန်လည်အသုံးပြုခြင်း ပြုလုပ်သည့်အခါ အဆိုပါအချက်အလက်များသည် အများပိုင်ဖြစ်ခြင်း၊ မော်ကွန်းတိုက်မှဖြစ်ခြင်း၊ အွန်လိုင်းမှရယူနိုင်ခြင်း ဖြစ်သည့်တိုင် ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ဆိုင်ရာ၊ ဥပဒေဆိုင်ရာနှင့် လုံခြုံရေးဆိုင်ရာ နောက်ဆက်တွဲရှုပ်ထွေးမှုများ ဖြစ်ပေါ်နိုင်သည်ကို ကျွန်ုပ်တို့နားလည်လက်ခံပါသည်။ ဤကျင့်ဝတ်စည်းမျဉ်းသည် ထိုကဲ့သို့သော အချက်အလက်များကို စုဆောင်းခြင်းနှင့် အသုံးပြုခြင်းအတွက်လည်း အကျုံးဝင်မှုရှိကြောင်း ကျွန်ုပ်တို့အသိအမှတ်ပြုပါသည်။

**၈.၄။ အသက်ရှင်သန်ကျန်ရစ်သူများ၏ ရည်ရွယ်ချက်ကို စိစစ်အတည်ပြုပါ။** ။ကျွန်ုပ်တို့သည် (အသက်ရှင်သန် ကျန်ရစ်သူများ၏ ရုပ်ပုံများနှင့် ဗီဒီယိုများအပါအဝင်) တစ်ဆင့်ခံအရင်းအမြစ်များမှ ရရှိထားသည့် SCRSV အချက် အလက်များကို စိစစ်အတည်ပြုရန် ကြိုးပမ်းသွားမည်။ ထိုသို့အတည်ပြုရာတွင် အချက်အလက်များကို မည်သည့်နေရာ၊ မည်သည့်အချိန်တွင် မည်ကဲ့သို့ရရှိခဲ့ကြောင်း ကိုလည်းကောင်း၊ အသက်ရှင်သန်ကျန်ရစ်သူများက မည်သို့သော အသုံးပြုမှုအတွက်

မည်သည့်သဘောတူညီချက်မျိုးကို မည်ကဲ့သို့ပေးခဲ့ကြောင်း ကိုလည်းကောင်း၊ အသက်ရှင်သန် ကျန်ရစ်သူက အချက်အလက်များကို ပြန်လည်မျှဝေခွင့်ပေးခဲ့ပါက ထိုသို့ပြန်လည်အသုံးပြုခွင့် ပေးရခြင်း၏ မူလရည်ရွယ်ချက် သို့မဟုတ် သဘောဆန္ဒအကြောင်းကိုလည်းကောင်း စသည်တို့ကိုပါ အတည်ပြုနိုင်အောင် ဆောင်ရွက် သွားမည်။ အကယ်၍ ကျွန်ုပ်တို့၏ရည်ရွယ်ချက်အတွက် အသက်ရှင်သန်ကျန်ရစ်သူများ၏ အချက်အလက်များကို ပြန်လည်အသုံးပြုရန် ၎င်းတို့၏ခွင့်ပြုချက် သို့မဟုတ် ရည်ရွယ်ချက်ကို စိစစ်အတည်ပြုခြင်း မပြုလုပ်နိုင်သောအခါ ထိုသို့မပြုလုပ်နိုင်ခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ဆက်စပ်ဖြစ်နိုင်ခြေအန္တရာယ်များနှင့် ထိခိုက်နစ်နာမှုများကို သေချာစွာ လျှော့ချနိုင်ခြင်းမရှိလျှင် ကျွန်ုပ်တို့သည် ထိုအချက်အလက်များကို အသုံးပြုခြင်း သို့မဟုတ် ပြန်လည်ဝေမျှခြင်း ပြုလုပ်သွားမည်မဟုတ်ပါ။

**၈.၅။ လူသားချင်းစာနာမှု ဝန်ဆောင်မှုများပေါ် ထားရှိသောယုံကြည်မှုကို မထိခိုက်ပါစေနှင့်။** ။ကျွန်ုပ်တို့သည် အသက် ရှင်သန်ကျန်ရစ်သူများကို ထောက်ပံ့ကူညီမှုနှင့်စောင့်ရှောက်မှု ပေးသည့်လုပ်ငန်းများတွင် လျှို့ဝှက်ထိန်းသိမ်းမှုနှင့် ယုံကြည်မှု၏ အရေးပါပုံကို လေးစားအသိအမှတ်ပြုပါသည်။ ထို့အပြင် အသက်ရှင်သန်ကျန်ရစ်သူတစ်ဦးက ပြန်လည် ဝေမျှရန် သဘောတူချက် မပေးထားသည့် အချက်အလက်များကို ကျွန်ုပ်တို့ထံသို့ ဝေမျှပေးရန် ထောက်ပံ့ကူညီရေးဝန် ဆောင်မှုပေးသူများအား တောင်းဆိုခြင်း သို့မဟုတ် ဖိအားပေးခြင်း ပြုလုပ်သွားမည်မဟုတ်ပါ။

## အခြေခံမှု (၉) အချိန်ယူပါ။ ကိုယ်ပိုင်လွတ်လပ်မှုရှိသောနေရာ ဖန်တီးပါ။

**၉.၁။ အဆင်သင့်ရှိပါစေ။** ။ကျွန်ုပ်တို့သည် အသက်ရှင်သန်ကျန်ရစ်သူများနှင့် လက်တွဲအလုပ်လုပ်ရာတွင် ကျွန်ုပ်တို့ ဘက်မှ တစိုက်မတ်မတ် အာရုံစူးစိုက်နားထောင်ရန်လိုအပ်ပြီး ထင်မြင်ယူဆချက်ပေးခြင်း သို့မဟုတ် ကောက်ချက်ချ ခြင်းနှင့် အပြန်အလှန် ထိတွေ့ဆက်ဆံမှုအပေါ် သက်ရောက်မှုဖြစ်စေနိုင်သည့် ပြုမူတုံ့ပြန်ခြင်း မပြုလုပ်ဘဲ နားထောင် ရန်လိုအပ်ကြောင်း ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။ ထို့ပြင် ကျွန်ုပ်တို့သည် ယုံကြည်မှုတည်ဆောက်ရန်နှင့် အသက် ရှင်သန်ကျန်ရစ်သူက ၎င်း၏အကြောင်းကို ၎င်းဆန္ဒရှိသည့်ပုံစံအတိုင်း ပြောခွင့်ရအောင် ဆောင်ရွက်ထားရမည့် ဖြစ်ကြောင်း နားလည်လက်ခံပါသည်။ ကျွန်ုပ်တို့သည် ဤသို့သော စိတ်နေသဘောထား မရှိထားသောအချိန်တွင် လုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်မဟုတ်ပါ။

**၉.၂။ အချိန်ကြောင့် ဖိအားဖြစ်စေမှုများကို လျှော့ချပါ။** ။မိမိသဘောဆန္ဒအရ ကျိုးအကြောင်းနားလည်မှုအပေါ် အခြေခံသော ဆုံးဖြတ်ချက်ချခြင်းကို အားပေးမြှင့်တင်ရန် ကျွန်ုပ်တို့သည် အချိန်ကြောင့်ဖိအားဖြစ်စေမှုများကို ဖယ်ရှားနိုင်အောင် ကြိုးပမ်းသွားမည်။ သို့မှသာ အသက်ရှင်သန်ကျန်ရစ်သူများသည် ၎င်းတို့၏အချက်အလက်များကို ၎င်းတို့ဆန္ဒရှိသည့် ပုံစံနှင့်မြန်နှုန်းအတိုင်း ဝေမျှနိုင်ကြမည်ဖြစ်သည်။ အလျင်စလိုဆောင်ရွက်ခြင်းနည်းတူ အချိန်ကြာ မြင့်စွာ ထိတွေ့ဆက်ဆံခြင်းသည်လည်း ဖိအားပေးခြင်းတစ်မျိုး ဖြစ်နိုင်ကြောင်းနှင့် အသက်ရှင်သန်ကျန်ရစ်သူများ အတွက်၊ အထူးသဖြင့် ကလေးသူငယ်များအတွက် စိတ်မသက်မသာဖြစ်စေသည့် အကြောင်းတစ်ခု ဖြစ်စေနိုင်ကြောင်း ကျွန်ုပ်တို့အသိအမှတ်ပြုပါသည်။ အကယ်၍ အသက်ရှင်သန်ကျန်ရစ်သူများသည် ၎င်းတို့၏အခွင့်အရေးများကို ကျင့်သုံးနိုင်ရန် သတ်မှတ်ထားသည့် အချိန်ကန့်သတ်ချက်များအတွင်း လုပ်ဆောင်ရန်လိုအပ်ကြောင်း နားလည်ထားရန် လိုအပ်ပါက ကျွန်ုပ်တို့သည် ထိုကိစ္စများနှင့်ပတ်သက်၍ အသက်ရှင်သန်ကျန်ရစ်သူများနှင့် တိုင်ပင်ဆွေးနွေးသွားမည် ဖြစ်သည်။

**၉.၃။ အားပေးကူညီမှုရှိသည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပါ။** ။ကျွန်ုပ်တို့သည် လူချင်းတွေ့ဆုံသည့် ထိတွေ့ဆက်ဆံမှု များနှင့် အဝေးမှဆောင်ရွက်သည့် မည်သည့်ထိတွေ့ဆက်ဆံမှုများအတွက်မဆို အားပေးကူညီမှုရှိပြီး ရုပ်ပိုင်းနှင့် စိတ် ပိုင်းဆိုင်ရာ လုံခြုံမှုရှိသည့် ပတ်ဝန်းကျင်တစ်ခုရှိအောင် ဖန်တီးသွားမည်။ ထိုသို့ဖန်တီးရာတွင် အများလက်လှမ်းမှီနိုင်မှု နှင့် ဂျန်ဒါ၊ အသက်အရွယ်၊ မသန်စွမ်းမှု၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နောက်ခံအခြေအနေတို့ကို ထည့်သွင်းစဉ်းစားမှု ရှိသည့် ပတ်ဝန်းကျင်ဖြစ်စေရန်လည်း ဆောင်ရွက်သွားမည်။ ဤကိစ္စသည် အသက်ရှင်သန်ကျန်ရစ်သူများက ယုံကြည်မှု တည်ဆောက်ခြင်း၊ အတွေ့အကြုံများပြန်လည်ပြောပြခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်း ပြုလုပ်နိုင်ရန် လိုအပ်သော အခြေခံအုတ်မြစ် တစ်ခုဖြစ်သည်။

**၉.၄။ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ရှိအောင် အခိုင်အမာဆောင်ရွက်ပါ။** ။ကျွန်ုပ်တို့သည် အသက်ရှင်သန်ကျန်ရစ်သူများနှင့် ဆွေးနွေးတိုင်ပင်၍ လူချင်းတွေ့ဆုံမှုအတွက်ဖြစ်စေ၊ အဝေးမှတွေ့ဆုံမှုအတွက်ဖြစ်စေ လိုအပ်သော ကိုယ်ပိုင်သီးသန့် ဖြစ်မှု၊ သီးသီးပ်မှု၊ လက်လှမ်းမှီနိုင်မှုနှင့် လုံခြုံမှုရှိသောနေရာတစ်ခု ရရှိနိုင်အောင် စီစဉ်သွားမည်ဖြစ်ပြီး စောင့်ကြည့် ခံရခြင်း (အဆိုပါနေရာကို ဝင်ရောက်လာသည့်အချိန်နှင့် ပြန်လည်ထွက်ခွာသည့်အချိန်အပါအဝင်)၊ နားစွန်နားဖျား အကြားခံရခြင်းနှင့် ကြားဖြတ်နှောင့်ယှက်ခံရခြင်း စသည့် ဖြစ်နိုင်ခြေအန္တရာယ်ကို လျှော့ချသွားမည်။ အသက်ရှင်သန် ကျန်ရစ်သူ၏ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ဟုဆိုရာတွင် ၎င်းတို့နှင့်တွေ့ဆုံမှု မပြုလုပ်မီနှင့် ပြုလုပ်ပြီးနောက်ပိုင်း အပါအဝင် ပြောဆိုဆက်သွယ်မှုအားလုံးနှင့် ထိတွေ့ဆောင်ရွက်မှုအားလုံး အကျုံးဝင်ကြောင်း ကျွန်ုပ်တို့ လက်ခံအသိအမှတ်ပြုပါ သည်။

**၉.၅။ အင်တာဗျူးပြုလုပ်ရာတွင် မည်သူများပါဝင်သင့်သနည်း။** ။ကျွန်ုပ်တို့သည် အင်တာဗျူးပြုလုပ်စဉ် ရှိနေမည့် လူဦးရေကို တတ်နိုင်သမျှနည်းအောင် ဆောင်ရွက်သွားမည်။ အင်တာဗျူးတစ်ခုတွင် အသက်ရှင်သန်ကျန်ရစ်သူများ ဘက်က မည်သူများကို ပါဝင်စေလိုကြောင်းနှင့် ကျွန်ုပ်တို့အဖွဲ့ဘက်မှ မည်သူများ ပါဝင်နိုင်ခြေရှိကြောင်း (ထိုသူများ၏ အခန်းကဏ္ဍ၊ ဂျန်ဒါ၊ လိင်၊ အသက်အရွယ်၊ ပတ်သက်ဆက်နွယ်မှုစသည့် အချက်အလက်များကို အသိပေးထားရမည်) နှင့်ပတ်သက်၍ ကျွန်ုပ်တို့သည် အသက်ရှင်သန်ကျန်ရစ်သူများနှင့် ကြိုတင်ဆွေးနွေးတိုင်ပင်သွားမည်။ အကယ်၍ အကူ အညီပေးသူဖြစ်စေ၊ အုပ်ထိန်းသူဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်ဖြစ်စေ အစရှိသူများကို အင်တာဗျူးတွင်ပါဝင်ပေးရန် အသက်ရှင်သန်ကျန်ရစ်သူများဘက်က ရွေးချယ်ထားသည့်အတိုင်း ကျွန်ုပ်တို့ မဖြည့်ဆည်းပေးနိုင်ပါက ထိုသို့ မဆောင်ရွက်ပေးနိုင်ရခြင်း၏ အကြောင်းရင်းများကို ၎င်းတို့နှင့် ဆွေးနွေးသွားမည်ဖြစ်ပြီး ၎င်းတို့ဘက်က အင်တာဗျူး မပြုလုပ်တော့ရန် ဆုံးဖြတ်ပါက ၎င်းတို့၏ရွေးချယ်မှုကို လေးစားအသိအမှတ်ပြုသွားမည်။

**၉.၆။ အရေအတွက်ထက် လုံခြုံရေးနှင့်အရည်အသွေးကို ဦးစားပေးပါ။** ။ကျွန်ုပ်တို့သည် သတ်မှတ်ထားသော အင်တာဗျူး အရေအတွက်ပြည့်အောင် ဆောင်ရွက်ရမည်ဟူသော ဖိအားကိုအကြောင်းပြု၍ အရည်အသွေးကိုဖြစ်စေ၊ လုံခြုံရေးကို ဖြစ်စေ၊ ကျန်းမာအဆင်ပြေရေးကိုဖြစ်စေ ထိခိုက်အောင် ဆောင်ရွက်သွားမည်မဟုတ်ပါ။

**၉.၇။ ကြန့်ကြာသော၊ တစ်ပိုင်းတစ်စဖြစ်သော ဖွင့်ဟပြောဆိုမှုများကို နားလည်မှုပေးပါ။** ။ယုံကြည်မှု၊ အချိန်ယူမှုနှင့် ကုစားမှုများရှိလျှင် သတင်းအချက်အလက်ဝေမျှရန် အသက်ရှင်သန်ကျန်ရစ်သူများ၏ ဆောင်ရွက်နိုင်စွမ်းနှင့် ဆုံးဖြတ် ချက်ချမှတ်မှုများအတွက် အထောက်အကူဖြစ်စေကြောင်း၊ ထို့ကြောင့် အဆိုပါဆောင်ရွက်ချက်များနှင့် ဆုံးဖြတ်ချက် များသည် အပိုင်းလိုက်သော်လည်းကောင်း၊ အချိန်ကြာမှသော်လည်းကောင်း၊ ထိတွေ့ဆက်ဆံမှုအမျိုးမျိုး ပြုလုပ်ပြီးမှ သာလည်းကောင်း ဖြစ်ပေါ်လာနိုင်ကြောင်းကို ကျွန်ုပ်တို့ လေးစားအသိအမှတ်ပြုပါသည်။ ကျွန်ုပ်တို့သည် စိတ်ဒဏ်ရာ၊ မှတ်ဉာဏ်၊ လူမှုရေးအရနှိမ့်ချဆက်ဆံမှု၊ ကြောက်ရွံ့မှု၊ ဖိအား၊ ယဉ်ကျေးမှု၊ မေးခွန်းများ၊ ဘာသာပြန်ဆိုမှုများနှင့် ပြောကြားချက်များအပေါ်နားထောင်သူ၏ရှုမြင်ပုံ စသည့်အကြောင်းတရားများကြောင့် သဘာဝအလျောက် ရှေ့နောက် မညီသည့် ထွက်ဆိုပြောကြားမှုများ ဖြစ်ပေါ်နိုင်ကြောင်း ကျွန်ုပ်တို့အသိအမှတ်ပြုပါသည်။ ကျွန်ုပ်တို့သည် ထိုသို့ သဘာဝအလျောက်ဖြစ်ပေါ်လာသော ရှေ့နောက်မညီသည့် ပြောကြားချက်များကို အခြေခံ၍ ထိုပြောကြားချက်များ၏ စစ်မှန်မှုကို ထင်မြင်ကောက်ချက်ချမှုများ ပြုလုပ်သွားမည် မဟုတ်ပါ။

## အခြေခံမှု (၁၀) လေးစားမှုနှင့် လုံခြုံမှုရှိသော ထိတွေ့ဆက်ဆံမှုဖြစ်စေရန် အခိုင်အမာဆောင်ရွက်ပါ။

**၁၀.၁။ ဆန်းစစ်ပါ၊ သတိရှိပါ။** ။လုံခြုံရေးဆိုင်ရာစိုးရိမ်ပူပန်မှု၊ ပုဂ္ဂိုလ်ရေးလွတ်လပ်မှု၊ အသက်ရှင်သန်ကျန်ရစ်သူများ၏ လိုအပ်ချက်များနှင့် ကျန်းမာအဆင်ပြေမှု၊ ကျွန်ုပ်တို့ဆက်သွယ်ဆောင်ရွက်မှု၏ လစ်ဟာမှု၊ အသက်ရှင်သန် ကျန်ရစ်သူအတွက် ရှေ့ဆက်လုပ်ဆောင်ရန် တစ်စုံတရာဖိအားဖြစ်စေမှု စသည့်ကိစ္စရပ်များကို ထိတွေ့ဆက်ဆံမှု စတင် လုပ်ဆောင်သည့် အချိန်တွင် ကျွန်ုပ်တို့အနေဖြင့် တစ်ဖန်ပြန်လည် စိစစ်သုံးသပ်သွားပါမည်။ ကျွန်ုပ်တို့သည် ဤကိစ္စရပ် များကို လုပ်ငန်းစဉ်ကာလတစ်လျှောက်လုံး စောင့်ကြည့်မှု ပြုလုပ်သွားပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်က အပြည့်အဝ နားလည်မှုရှိပြီး ကျွန်ုပ်တို့အပေါ်တွင်လည်း အသက်ရှင်သန်ကျန်ရစ်သူများက အပြည့်အဝနားလည်မှု ရှိသောအခါမှသာ ကျွန်ုပ်တို့၏လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားပါမည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျွန်ုပ်တို့အသုံးပြုသည့် စကားပြန်အားလုံးသည် အသက်ရှင်သန်ကျန်ရစ်သူများ အသုံးပြုသော ဘာသာစကားနှင့် ကျွန်ုပ်တို့ အသုံးပြုသော ဘာသာစကားနှစ်မျိုးလုံး ကျွမ်းကျင်သူဖြစ်အောင် အခိုင်အမာဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။

**၁၀.၂။ စိတ်ဒဏ်ရာအကြောင်း ထည့်သွင်းစဉ်းစား၍ ဆောင်ရွက်ပါ။** ။ကျွန်ုပ်တို့သည် စိတ်ဒဏ်ရာနှင့် စိတ်သောကဖြစ် ခြင်း၏ လက္ခဏာများကို သိရှိပြီး စောင့်ကြည့်မှုပြုလုပ်နိုင်အောင် ဆောင်ရွက်သွားမည်။ ထို့ပြင် ထိတွေ့ဆက်ဆံမှုတစ်ခု ၏ စိတ်ဒဏ်ရာဖြစ်စေသည့် ဖြစ်နိုင်ခြေသက်ရောက်မှုများကို မည်သည့်အချိန်တွင်၊ မည်ကဲ့သို့ လျော့ချခြင်းနှင့် တုံ့ပြန် ဆောင်ရွက်ခြင်း ပြုလုပ်သွားရမည်ကို သိရှိအောင်ဆောင်ရွက်သွားမည်။ စိတ်ဒဏ်ရာကြောင့် ဖြစ်စဉ်များကိုပြန်လည် စဉ်းစားသည့် ကြာချိန်နှင့် အစီအစဉ်ကျမှုအပေါ် သက်ရောက်မှုရှိနိုင်ကြောင်း ကျွန်ုပ်တို့ နားလည်ပါသည်။

**၁၀.၃။ ကိုယ်ပိုင်သီးသန့်နေထိုင်ခွင့်ကို လေးစားပါ။** ။ကျွန်ုပ်တို့သည် အသက်ရှင်သန်ကျန်ရစ်သူများ၏ ပုဂ္ဂလိက သီးသန့်နေရာများသို့ မကျူးကျော်မိရန် သတိပြုသွားပါမည်။

**၁၀.၄။ ဘေးကင်းလုံခြုံသည့် အင်တာဗျူးလုပ်ငန်းစဉ်ဖြစ်အောင် ဖန်တီးပါ။** ။ကျွန်ုပ်တို့ပြုလုပ်သော အင်တာဗျူးသည် ဘေးကင်းလုံခြုံမှု၊ အခြေအနေအရပ်ရပ်ကို ထည့်သွင်းစဉ်းစားမှုနှင့် အစီအစဉ်တကျဖြစ်မှုရှိအောင် ကျွန်ုပ်တို့ အခိုင်အမာ ဆောင်ရွက်သွားမည်။ ကျွန်ုပ်တို့သည် SCRSV

နှင့်ပတ်သက်သည့်မေးခွန်းများကို မေးမြန်းရာတွင် ကျယ်ပြန့် ပြည့်စုံသည့် အင်တာဗျူးလုပ်ငန်းစဉ်အတွင်း ဘေးကင်းလုံခြုံသောပုံစံဖြင့် မေးမြန်းခြင်းဖြစ်စေရန် အခိုင်အမာဆောင် ရွက်သွားမည်။ ကျွန်ုပ်တို့သည် အင်တာဗျူးတစ်ခုကို လုံခြုံမှုနှင့် ဂရုတစိုက်ဆောင်ရွက်မှုရှိသော ပုံစံဖြင့် အဆုံးသတ်နိုင်ရန် အချိန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး အသက်ရှင်သန်ကျန်ရစ်သူများက ၎င်းတို့၏အတွေ့အကြုံများကို အချိန်ပေး၍ ရဝံ့စွာပြန်လည်ပြောပြသည့်အပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသွားမည်။ ကျွန်ုပ်တို့သည် အင်တာဗျူး ပြီးဆုံးပြီးနောက် မျှော်လင့်ထားရမည့်အရာများ၊ ရရှိနိုင်သည့်ပံ့ပိုးမှုများနှင့် နောက်ဆက်တွဲ အချက်အလက်များနှင့် ပတ်သက်၍ အသက်ရှင်သန်ကျန်ရစ်သူများနှင့် ဆွေးနွေးတိုင်ပင်သွားမည်။

**၁၀.၅။ အသက်ရှင်သန်ကျန်ရစ်သူများအား ၎င်းတို့၏ဇာတ်ကြောင်းကို ၎င်းတို့စိတ်ကြိုက်ပုံစံဖြင့် ပြောခွင့်ပေးပါ။ ။** အသက်ရှင်သန်ကျန်ရစ်သူများက ၎င်းတို့၏အတွေ့အကြုံများကို မည်သည့်ပုံစံဖြင့် ပြန်လည်ဝေမျှလိုသည်နှင့် ပတ်သက်၍ ၎င်းတို့ဆန္ဒအတိုင်း ထိန်းချုပ်နိုင်စွမ်းရှိရန် အရေးကြီးကြောင်း ကျွန်ုပ်တို့ လက်ခံအသိအမှတ်ပြုပါသည်။ ကျွန်ုပ်တို့သည် အသက်ရှင်သန်ကျန်ရစ်သူများက ဖြစ်ပျက်ခဲ့သောအရာများကို ၎င်းတို့နည်း၎င်းတို့ဟန်နှင့် ၎င်းတို့ဆန္ဒ ရှိသော မြန်နှုန်းအတိုင်း ရှင်းပြနိုင်အောင် လိုအပ်သောအခြေအနေ ဖန်တီးပေးသွားမည်ဖြစ်ပြီး ကျွန်ုပ်တို့က အာရုံစိုက်နား ထောင်သွားမည်။ ကျွန်ုပ်တို့သည် မိမိမေးခွန်းမေးသောမြန်နှုန်းနှင့် လေသံကိုလည်း သင့်တင့်အောင်ထိန်းညှိသွားမည်။ အသက်ရှင်သန်ကျန်ရစ်သူများကို အလျင်စလိုဆောင်ရွက်စေခြင်းသည် ထိခိုက်နစ်နာစေခြင်း၊ ထပ်ဆင့်စိတ်ဒဏ်ရာရ စေခြင်း၊ ကောက်ယူထားသည့် အချက်အလက်များ၏ ခိုင်မာမှုနှင့် တိကျမှုကို ထိခိုက်စေခြင်း စသည့်ဖြစ်နိုင်ခြေ အန္တရာယ်များကို ပိုမိုကြီးမားစေနိုင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ထိုသို့အလျင်စလိုဆောင်ရွက်သွားမည် မဟုတ်ပါ။

**၁၀.၆။ အဖွင့်မေးခွန်းများမေးပါ။ ။**ကျွန်ုပ်တို့ (အင်တာဗျူးသူနှင့် စကားပြန်ဆောင်ရွက်သူများ) သည် အဖွင့်မေးခွန်းများ (open questions) ကိုအသုံးပြုသွားမည်။ အပိတ်မေးခွန်းများ (closed questions) သည် အသက်ရှင်သန် ကျန်ရစ်သူများအပေါ်သာမက ထိုနည်းလမ်းဖြင့်ကောက်ယူထားသော အချက်အလက်များ၏ တိကျမှုနှင့် အသေးစိတ် ကျမှုအပေါ် ထိခိုက်နိုင်ခြေရှိကြောင်း ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။ ကျွန်ုပ်တို့သည် ဤသို့သော အပိတ်မေးခွန်းများ ကို ချွင်းချက်ထားရမည့် အခြေအနေမျိုးတွင်သာ အသုံးပြုသွားမည်။

**၁၀.၇။ SCRSV နှင့်ပတ်သက်သော ဆက်စပ်အခြေအနေကို နားလည်ပါ။ ။**SCRSV သည် အခြားသောချိုးဖောက်မှုများ၊ ထိခိုက်နစ်နာမှုများနှင့် ဆက်စပ်မှုမရှိဘဲသီးခြားဖြစ်ပေါ်နေခြင်း မဟုတ်ကြောင်း ကျွန်ုပ်တို့ နားလည်လက်ခံပါသည်။ အသက်ရှင်သန်ကျန်ရစ်သူတစ်ဦးက ၎င်းတို့ကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် သို့မဟုတ် မြင်တွေ့ခဲ့ရသည့် အခြားချိုးဖောက်မှု များနှင့် ထိခိုက်နစ်နာမှုများအကြောင်းကိုလည်း ဝေမျှလာပါက ကျွန်ုပ်တို့အနေဖြင့် ၎င်းတို့ကို အာရုံစိုက်မှုနှင့်လေးစားမှု ပေးသွားပါမည်။

**၁၀.၈။ မလိုအပ်ပါက မမေးပါနှင့်။ ။**ကျွန်ုပ်တို့သည် အသေးစိတ်သရုပ်ဖော်ထားသော၊ အကဲဆတ်သော၊ ရုပ်ပုံပါဝင်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အချက်အလက်များကို ကျွန်ုပ်တို့၏ ရည်ရွယ်ချက်အတွက် အထူးလိုအပ်ခြင်းမရှိဘဲ မေးမြန်းခြင်း၊ စုံစမ်းခြင်းများ ပြုလုပ်သွားမည်မဟုတ်ပါ။ အကယ်၍ ကျွန်ုပ်တို့သည် ထိုအချက်အလက်များကို လိုအပ်ပါက ဘာကြောင့်လိုအပ်ကြောင်း အသက်ရှင်သန်ကျန်ရစ်သူများကို ရှင်းပြသွားမည်ဖြစ်ပြီး ဖြေဆိုလိုခြင်း ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ၎င်းတို့၏ဆုံးဖြတ်ချက်ကို ကျွန်ုပ်တို့အနေဖြင့် လေးစားအသိအမှတ်ပြုသွားမည်။ ကျွန်ုပ်တို့သည် အသက်ရှင်သန်ကျန်ရစ်သူများ၏ အတွေ့အကြုံများကို ကိုယ်စားပြုဖော်ပြပေးရာတွင်ဖြစ်စေ၊ ပြန်လည် တင်ပြရာတွင်ဖြစ်စေ အဆိုပါအချက်အလက်များကို အထူးအသားပေးဖော်သည့်ပုံစံဖြင့် သို့မဟုတ် အများစိတ်ဝင်စား အောင် စေ့ဆော်မှုဖြစ်စေသည့်ပုံစံဖြင့် ဆောင်ရွက်သွားမည်မဟုတ်ပါ။

## ဤကျင့်ဝတ်စည်းမျဉ်း၏ရည်ရွယ်ချက်များနှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အဓိကအယူအဆများ

***<u>၁။ “အသက်ရှင်သန်ကျန်ရစ်သူများ” နှင့်/သို့မဟုတ် “ထိခိုက်နစ်နာသူများ”</u>***။ ။ဤကျင့်ဝတ်စည်းမျဉ်းတွင် အားပေးမြှင့်တင်မှု ဖြစ်စေသည်ဟု အများဆုံးယူဆကြသည့် “အသက်ရှင်သန်ကျန်ရစ်သူ” ဟူသည့်စကားလုံးကို အသုံးပြုထားသည်။ မတူညီသည့် နောက်ခံအခြေအနေများနှင့် ဘာသာစကားအမျိုးမျိုးအပေါ် အပေါ်မူတည်ပြီး “ထိခိုက်နစ်နာသူများ” နှင့် “အသက်ရှင်သန်ကျန်ရစ် သူများ” ဟူသောဝေါဟာရများသည် အဓိပ္ပါယ်အမျိုးမျိုး ကွဲလွဲနိုင်သည်။ ထို့ပြင် အကြမ်းဖက်မှုတွေ့ကြုံခံစားခဲ့ရသူများသည် ဤ ဝေါဟာရနှစ်ခုအနက် တစ်ခုကို ပို၍နှစ်သက်နိုင်သလို တစ်ခုမှမနှစ်သက်ခြင်းလည်း ဖြစ်နိုင်သည်။ အသက်ရှင်သန်ကျန်ရစ်သူများနှင့် နီးစပ်သူများသည် အသက်ရှင်သန်ကျန်ရစ်သူများ ကိုယ်တိုင်ရွေးချယ်ထားသည့် ဝိသေသလက္ခဏာကို လေးစားအသိအမှတ်ပြု၍ ၎င်းတို့ဆန္ဒအတိုင်း လိုက်ပါဆောင်ရွက်သင့်သည်။ ထိခိုက်နစ်နာသူအချို့သည် အကြမ်းဖက်မှုမှ လွတ်မြောက်လာနိုင်ခြင်း မရှိကြောင်း အသိအမှတ်ပြုရန် အရေးကြီးသည်။ ဤကျင့်ဝတ်စည်းမျဉ်းတွင် အသက်ရှင်သန်ကျန်ရစ်သူများနှင့် လက်တွဲအလုပ်လုပ်ခြင်းကို အဓိကဖော်ပြထားသော်လည်း ကျင့်ဝတ်စည်းမျဉ်းပါ ရှုထောင့်များသည် လွတ်မြောက်လာခြင်းမရှိသည့် ထိခိုက်နစ်နာသူတို့၏ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးများကို ကာကွယ်မှုပေးခြင်းအတွက်လည်း အကျုံးဝင်သည်။

***<u>၂။ စနစ်တကျကျူးလွန်သည့် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု (SCRSV)။</u>*** ။၎င်းသည် ကျယ်ပြန့်သည့် အဓိပ္ပာယ်ဖွင့်ဆိုမှုဖြစ်သည်။ SCRSV တွင် မည်သူ့အပေါ်မဆိုကျူးလွန်သော လက်နက်ကိုင်ပဋိပက္ခနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက် ၍ဖြစ်စေ ဆက်နွယ်နေသည့် မုဒိန်းကျင့်ခြင်း၊ လိင်ကျွန်ပြုခြင်း၊ အတင်းအဓမ္မ

ပြည့်တန်ဆာအဖြစ်စေခိုင်းခြင်း၊ အတင်းအဓမ္မ ကိုယ် ဝန်ဆောင်စေခြင်း၊ အတင်းအဓမ္မကိုယ်ဝန်ဖျက်ချစေခြင်း၊ အတင်းအဓမ္မသားကြောဖြတ်ခြင်း၊ အတင်းအဓမ္မ လက်ထပ်ထိမ်းမြား စေခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း နှင့်/သို့မဟုတ် ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း ပြုလုပ်ရန်ရည်ရွယ်ချက်ဖြင့် လူကုန်ကူးခြင်း စသည့်လုပ်ရပ်များအပြင် အခြားသော အလားတူသက်ရောက်မှုကြီးမားသည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ပုံစံအားလုံး ပါဝင်သည်။ ထို့ပြင် SCRSV တွင် အဆိုပါလုပ်ရပ်များကို ငြိမ်းချမ်းရေးကာလ သို့မဟုတ် အသွင်ကူးပြောင်းရေးကာလတွင် စနစ်တကျဖြစ်စေ၊ ဖိနှိပ်မှုတစ်ခုအနေဖြင့်ဖြစ်စေ၊ လူမှုရေးစနစ်အရဖြစ်စေ၊ နိုင်ငံရေးအရဖြစ်စေ ကျူးလွန်သည့် အကြမ်းဖက်မှုများ၏ အစိတ်အပိုင်းများ အဖြစ်လည်းကောင်း၊ လူမှုအသိုင်းအဝိုင်းများအပေါ် အကြမ်းဖက်သောင်းကျန်းမှုများကျူးလွန်ရန် သို့မဟုတ် ၎င်းတို့ကို ဖျက်ဆီးရန်အတွက် အသုံးပြုသည့်အနေဖြင့်လည်းကောင်း ကျူးလွန်ခြင်းများလည်းပါဝင်သည်။ SCRSV တွင် နိုင်ငံတကာ ရာဇဝတ်မှုများဖြစ်သော လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သောရာဇဝတ်မှု သို့မဟုတ် စစ်ရာဇဝတ်မှု စသည့် ရာဇဝတ်မှုများမြောက်စေသည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများလည်း ပါဝင်သည်။

၃။ ၁၉၈၉ ခုနှစ် ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း။

၄။ ***ဂျဲန်ဒါ။ ။***ဤကျင့်ဝတ်စည်းမျဉ်းတွင် "ဂျဲန်ဒါ" ဆိုသည့်စကားလုံးသည် နိုင်ငံတကာရာဇဝတ်ခုံရုံးဆိုင်ရာ ရောမဥပဒေစာချုပ်၊ ပုဒ်မ ၇(၃) ပါအဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း လူမှုအဖွဲ့အစည်းဆက်စပ်အခြေအနေအတွင်းရှိ အဖိုနှင့်အမလိင်နှစ်မျိုးကို ရည်ညွှန်းသည်။ ဤအဓိပ္ပာယ် ဖွင့်ဆိုချက်တွင် လူမှုဆက်ဆံရေးရှုထောင့်မှ သတ်မှတ်ထားသော အဖို၊ အမ ဖြစ်တည်မှုကိုလည်းကောင်း၊ ထိုဖြစ် တည်မှုနှင့်အတူ ယှဉ်တွဲပါလာသည့် အမျိုးသမီးများနှင့် အမျိုးသားများထံတွင်ဖြစ်စေ မိန်းကလေးငယ်နှင့် ယောကျ်ားလေးငယ်များ ထံတွင်ဖြစ်စေ ရှိသင့်သည်ဟု ရှုမြင်ထားသော အခန်းကဏ္ဍများ၊ အကျင့်စရိုက်များ၊ ဆောင်ရွက်ချက်များနှင့် အရည်အသွေး သတ်မှတ်ချက်များကိုလည်းကောင်း အသိအမှတ်ပြုလက်ခံထားပါသည်။ ထိခိုက်နစ်နာမှုဖြစ်စေသော ဂျဲန်ဒါနှင့် ပတ်သက်သည့် ပြောဆိုမှုများသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အချိုးမညီသော သက်ရောက်မှုရှိသည်။ သို့ရာတွင် ထိခိုက်နစ်နာမှု ဖြစ်စေသော ဂျဲန်ဒါနှင့်ပတ်သက်သည့် ပြောဆိုမှုများသည် ကျား၊မဖြစ်ခြင်းနှစ်မျိုးမက ခံယူထားသူများ သို့မဟုတ် သမရိုးကျ ကျား၊မသတ်မှတ်ချက်အတိုင်း ခံယူထားခြင်းမရှိသောသူများ အပေါ်လည်းကောင်း၊ လိင်စိတ်တိမ်းညွတ်မှု၊ ဂျဲန်ဒါဝိသေသလက္ခဏာ၊ ဂျဲန်ဒါထုတ်ဖော်ပြသမှုနှင့် လိင်ပိုင်းဆိုင်ရာကြွင်းအင်လက္ခဏာ အမျိုးမျိုးရှိသူများအပေါ်လည်းကောင်း၊ အမျိုးသားနှင့် ယောကျ်ား လေးငယ်များအပေါ်လည်းကောင်း စသည့်သူများအပေါ်လည်း သက်ရောက်မှုရှိပါသည်။

၅။ လိင်စိတ်ခံယူမှုကွဲပြားသူများ ***(LGBTQI+)*** (လိင်တူချစ်သူအမျိုးသမီး၊ လိင်တူချစ်သူအမျိုးသား၊ လိင်နှစ်မျိုးလုံးချစ်သူ၊ ဂျဲန်ဒါ ပြောင်းလဲထားသူ၊ လိင်စိတ်ခံယူမှုအမျိုးမျိုးရှိသူ နှင့်/သို့မဟုတ် လိင်စိတ်ခံယူမှုအတိအကျမရှိသူ၊ မွေးရာပါသမရိုးကျ မဟုတ်သော လိင်ပိုင်းဆိုင်ရာ ကြွင်းအင်လက္ခဏာရှိသူနှင့် သမရိုးကျ ကျား၊မဝိသေသလက္ခဏာ သို့မဟုတ် လိင်စိတ်ကိုင်းညွတ်မှု သတ်မှတ်ချက် များအတိုင်း ခံယူထားခြင်းမရှိသည့် အခြားသူများ) ဟူသည့် အတိုကောက်စကားလုံးသည် များပြားစုံလင်လှသည့် လူပုဂ္ဂိုလ်များ အတွက် အကျုံးဝင်သောလည်း အလုံးစုံပြည့်စုံမှုရှိသော သို့မဟုတ် တစ်ကမ္ဘာလုံးအတိုင်းအတာ စံအဖြစ် သတ်မှတ်ထားသော စကားလုံးတစ်ခုမဟုတ်ပါ။

၆။ လူသားများသည် အမျိုးစုံသော၊ ရောယှက်နေသော၊ ပြောင်းလဲနေသော ကြွင်းအင်လက္ခဏာများ၊ အရည်အသွေးများ သို့မဟုတ် ကိုယ်ပိုင်ဝိသေသလက္ခဏာများ ကိုယ်စီရှိကြသည့် ရုပ်ထွေးပြီးပုံသေမရှိသော သတ္တဝါများဖြစ်ကြသည်။ လူသားများသည် ခွဲခြား ဆက်ဆံမှုပုံစံ တစ်မျိုးမက ကြုံတွေ့ရလေ့ရှိပြီး ပဋိပက္ခ၊ အိုးအိမ်စွန့်ခွာထွက်ပြေးမှု၊ ဆင်းရဲမွဲတေမှု၊ ကပ်ရောဂါဘေးနှင့် အနာ ရောဂါများ စသည့်အခြေအနေအကြောင်းတရားများ၏ သက်ရောက်မှုကိုလည်း ခံကြရသည့်အပြင်၊ ထိုအကြောင်းတရားများ၏ အကျိုးဆက်အနေဖြင့်ဖြစ်စေ၊ အခြားအကြောင်းများကြောင့်ဖြစ်စေ လုံခြုံရေး၊ ကျန်းမာရေးနှင့် ဥပဒေရေးဆိုင်ရာ ဖြစ်နိုင်ခြေ အန္တရာယ်များ၊ အခြားဖြစ်နိုင်ခြေအန္တရာယ်များနှင့် ကြုံတွေ့ကြရသည်။ ဤအကြောင်းတရားများကို နားလည်ခြင်းသည် ကျွန်ုပ်တို့ကို အသက်ရှင်သန်ကျန်ရစ်သူများ၊ ၎င်းတို့တွေ့ကြုံခဲ့ရသော ချိုးဖောက်မှုများ၊ ၎င်းတို့ကြုံတွေ့နေရသည့် ဖြစ်နိုင်ခြေအန္တရာယ်များ စိန်ခေါ်မှုများနှင့် အတားအဆီးများ၊ ၎င်းတို့၏အခွင့်အရေးများနှင့်ဆန္ဒများ၊ ၎င်းတို့လိုအပ်သော ပံ့ပိုးကူညီမှုများ စသည်တို့ကို ပိုမို နားလည်စေရန် အထောက်အကူဖြစ်စေပြီး ကျွန်ုပ်တို့၏အစီအစဉ်များနှင့် ချဉ်းကပ်ပုံနည်းလမ်းများကို အခြေအနေနှင့် လိုက်လျော ညီထွေပြောင်းလဲနိုင်အောင် ကူညီပေးသည်။

အသက်ရှင်သန်ကျန်ရစ်သူများနှင့် သက်ဆိုင်သည့် ***ကြွင်းအင်လက္ခဏာများ၊ အရည်အသွေးများ သို့မဟုတ် ကိုယ်ပိုင်ဝိသေသ လက္ခဏာများ*** နှင့် ၎င်းတို့ကြုံတွေ့ရသည့် ဆက်စပ် ***ခွဲခြားဆက်ဆံမှုပုံစံများ*** ဟူသည့်စကားရပ်များတွင် အသက်အရွယ်အပိုင်းအခြား (ရင့်ကျက်မှုအဆင့်နှင့် တိုးတက်ပြောင်းလဲနေသည့် စွမ်းဆောင်ရည်များလည်း ပါဝင်သည်)၊ လိင်နှင့်ဂျဲန်ဒါ ((ဂျဲန်ဒါပြောင်းလဲ ထားခြင်း၊ ကျား၊မဖြစ်တည်မှုနှစ်မျိုးမက ခံယူထားခြင်းနှင့် သမရိုးကျ ကျား၊မသတ်မှတ်ချက်အတိုင်းခံယူမှုမရှိခြင်း အပါအဝင်) ကျား၊မဝိသေသလက္ခဏာများနှင့် ထုတ်ဖော်ပြသမှုအမျိုးမျိုး၊ လိင်စိတ်တိမ်းညွတ်မှုအမျိုးမျိုး၊ (မွေးရာပါ သမရိုးကျမဟုတ်သော လိင်ပိုင်းဆိုင်ရာကြွင်းအင်လက္ခဏာများရှိခြင်း အပါအဝင်) လိင်ပိုင်းဆိုင်ရာကြွင်းအင်လက္ခဏာအမျိုးမျိုး စသည်တို့လည်းပါဝင်သည်))၊ လူမျိုး၊ ဘာသာတရား၊ ဇာတိနိုင်ငံ၊ လူမှုရေးဇစ်မြစ်၊ လူမျိုးစု (ဌာနေအုပ်စုများ၊ ယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာများလည်း ပါဝင်သည်)၊ မသန်စွမ်းမှုများ၊ မိသားစုအခြေအနေနှင့်အဆင့်အတန်း၊ မွေးစာရင်းအထောက်အထား၊ လူမှုစီးပွားရေးအဆင့်အတန်း၊ ဇာတ် သို့မဟုတ် အဆင့်အတန်း၊ ကျန်းမာရေးအခြေအနေ သို့မဟုတ် အဆင့်၊ နိုင်ငံသားဖြစ်မှု၊ ဒုက္ခသည် သို့မဟုတ် ရွှေ့ပြောင်းနေထိုင်သူ သို့မဟုတ် အခြားသောနေထိုင်ခွင့်ဆိုင်ရာ သတ်မှတ်ချက်၊ ပညာရေးနှင့် စာတတ်မြောက်မှု၊ တရားဝင်မှု အထောက်အထား၊ နိုင်ငံရေးဆိုင်ရာ ယုံကြည်ချက်များ အယူအဆများ သို့မဟုတ် ပတ်သက်ဆက်နွယ်မှုများ စသည့်ဖြစ်တည်မှုများ ပါဝင်သည်။ ဤစာရင်းသည် ပြည့်စုံသည့် စာရင်းတစ်ခုမဟုတ်ပါ။ အသက်ရှင်သန်ကျန်ရစ်သူများသည် ပေါင်းစည်းထားသည့် ခွဲခြားဆက်ဆံမှု ပုံစံအမျိုးမျိုးနှင့် ကြုံတွေ့ရလေ့ရှိသည်။ ထိုသို့ ခွဲခြားဆက်ဆံမှုနှင့်မညီမျှမှု ပုံစံအမျိုးမျိုး ထပ်တူကျမှုများ ရှိလာသောအခါ ၎င်းတို့ကို "အပြန်အလှန်ဆက်နွယ်နေသော အကြောင်းတရားများ" ဟု ရည်ညွှန်းခေါ် ဆိုကြသည်။

၇။ လိုအပ်ချက်နှင့်အညီသင့်လျော်သောအစီအစဉ်များ ဆိုသည်မှာ အခြေအနေတစ်ခုအတွင်း လိုအပ်ပါက "မသန်စွမ်းပုဂ္ဂိုလ်များ အတွက် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအားလုံးကို အခြားသူများနှင့်တန်းတူခံစားခွင့် သို့မဟုတ် ကျင့်သုံးခွင့်ရှိအောင် အခိုင်အမာ ဆောင်ရွက်ပေးနိုင်ရန်အတွက် ၎င်းတို့အပေါ် မတန်တဆ သို့မဟုတ် မမျှတသော ဝန်ထုပ်ဝန်ပိုးကျရောက်စေခြင်း မဖြစ်စေရန် လိုအပ်မှုနှင့်သင့်လျော်မှုရှိသော ပြုပြင်မွမ်းမံမှုများနှင့် ထိန်းညှိဆောင်ရွက်မှုများပြုလုပ်ခြင်း" ကိုဆိုလိုသည်။ (၂၀၀၆ ခုနှစ် မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ၊ ပုဒ်မ-၂)

၈။ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ပါ ***<u>လမ်းညွှန်ချက်အခြေခံမှု (၄) ရပ်</u>*** -

- **ခွဲခြားဆက်ဆံမှုမရှိခြင်း** (ပုဒ်မ-၂) - "ကျွန်ုပ်တို့သည် မိမိတို့လုပ်ငန်းများကို လုပ်ဆောင်ရာတွင် ကလေးသူငယ်များအပေါ် မည်သို့သော ခွဲခြားဆက်ဆံမှုမျိုးမှ မရှိစေရန် အခိုင်အမာဆောင်ရွက်ရမည်။ ကလေးသူငယ်တစ်ဦး၏ မိဘ သို့မဟုတ် တရားဝင် အုပ်ထိန်းသူများ၊ လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်မှု၊ နိုင်ငံရေးအမြင် သို့မဟုတ် အခြားသောအမြင်၊ နိုင်ငံသားဖြစ်မှု၊ လူမျိုးစု သို့မဟုတ် လူမှုရေးဇစ်မြစ်၊ ဆင်းရဲမှု၊ မသန်စွမ်းမှု၊ မွေးစာရင်းအထောက်အထား သို့မဟုတ် အခြားသော အဆင့်အတန်းသတ်မှတ်ချက်များ မည်သို့ပင်ရှိစေကာမူ ကျွန်ုပ်တို့သည် ထိုကလေးငယ်နှင့် လက်တွဲအလုပ်လုပ် သွားရမည်။"
- **ကလေးသူငယ်အတွက် အကောင်းဆုံးအကျိုးဖြစ်စေမှု** (ပုဒ်မ-၃) – "ကလေးသူငယ်အတွက် အကောင်းဆုံးအကျိုးဖြစ်စေမှုသည် ကလေးသူငယ်များအပေါ် သက်ရောက်မှုရှိသော လုပ်ဆောင်ချက်များနှင့် ဆုံးဖြတ်ချက်များအားလုံးအတွက် အခြေခံ စဉ်းစားချက်တစ်ခု ဖြစ်စေရန် ကျွန်ုပ်တို့ အခိုင်အမာဆောင်ရွက်သွားရမည်။" ကလေးသူငယ်၏အကောင်းဆုံး အကျိုးအတွက် စဉ်းစားချက်နှင့် အခြားသော ထည့်သွင်းစဉ်းစားချက်များအကြား ဘက်မျှမှုရှိစေရန် အဆင့်နှစ်ခုပါ ချဉ်းကပ်ပုံနည်းလမ်း ရှိရန် လိုအပ်သည်။
- **အသက်ရှင်ခွင့်၊ ဆက်လက်ရှင်သန်ခွင့်နှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိခွင့်** (ပုဒ်မ-၆) - "ကျွန်ုပ်တို့သည် ကလေးသူငယ်များနှင့် ထိတွေ့ ဆောင်ရွက်ရာတွင် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ကျင့်ဝတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်း ဆိုင်ရာအရ အကောင်းဆုံးဖွံ့ဖြိုးတိုးတက်နိုင်မည့် အခွင့်အရေးကို မထိခိုက်စေရန် အခိုင်အမာဆောင်ရွက်ရမည်။ ကျွန်ုပ်တို့သည် သင့်လျော်သည့် တုံ့ပြန်ဆောင်ရွက်မှုနှင့် ပံ့ပိုးကူညီမှုပေးခြင်းအပါအဝင် ကလေးသူငယ်များ၏ အသက်၊ ရှင်သန်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အပေါ် ကျရောက်နိုင်သော အန္တရာယ်ဖြစ်နိုင်ခြေများကို လျော့ချနိုင်ရန် သင့်တော်သော အန္တရာယ်ဖြစ်နိုင်ခြေ ဆန်းစစ်ချက်များနှင့် အခြားကြိုးပမ်းအားထုတ်မှုအားလုံး ဆောင်ရွက်သွားမည်။"
- **မိမိ၏ထင်မြင်ချက်များကို ထုတ်ဖော်ပြောဆိုခွင့်နှင့် ၎င်းတို့ကိုထည့်သွင်းစဉ်းစားမှုရှိအောင် ဆောင်ရွက်ပိုင်ခွင့်** (ပုဒ်မ-၁၂) - "ကိုယ်ပိုင်အမြင် ဖန်တီးနိုင်စွမ်းရှိသော ကလေးသူငယ်တစ်ဦးသည် ၎င်းတို့အပေါ်သက်ရောက်မှုရှိသည့် မည်သည့်ကိစ္စရပ်များ နှင့် ပတ်သက်၍မဆို ၎င်းတို့၏ထင်မြင်ချက်များအား လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိကြောင်း ကျွန်ုပ်တို့အသိအမှတ်ပြု သည်။ ကျွန်ုပ်တို့ဆောင်ရွက်သော လုပ်ငန်းစဉ်တွင် တတ်နိုင်သမျှ အများပူးပေါင်းပါဝင်မှုရှိစေရန် ကြိုးစားလုပ်ဆောင်သွားမည် ဖြစ်ပြီး ကလေးသူငယ်တစ်ဦး၏ ရှုထောင့်အမြင်များကို ၎င်း၏အသက်အရွယ်နှင့် ရင့်ကျက်မှုနှင့်အညီ မျှတသောအလေးထားမှု ပေးသွားမည်။ ကလေးသူငယ်များ၏ ပါဝင်နိုင်ခွင့်ဟုဆိုရာတွင် ကလေးသူငယ်များနှင့် သင့်လျော်မှုနှင့် ၎င်းတို့၏ တိုးတက်ပြောင်းလဲနေသော စွမ်းဆောင်ရည်များကို အသိအမှတ်ပြုမှု ရှိသည့်ပုံစံဖြင့် သတင်းအချက်အလက်နှင့်အကြံပြုချက်များ လက်ခံရရှိပိုင်ခွင့်လည်း ပါဝင်ကြောင်း ကျွန်ုပ်တို့အသိအမှတ်ပြုသည်။"